ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ (17-2-2011) (ဖြ၇၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးရေသတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူ ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့်ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ၎င်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၆၅၈)ဦးရှိသည့် အနက် (၆၅၅)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက် ကြောင်းနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန် **အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။** (သတင်းစဉ်)

ပြောင်းလဲတိုးတက်လာတဲ့ ရပ်အခြေအနေတွေကို ကာယကံမြောက် တွေ့မြင်သိရှိလာမှုအရ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့ဟာ အတိုက်အခိုက်ရပ်စဲတဲ့နည်းဖြင့် ငြိမ်းချမ်းရေးရယူလာခဲ့ကြသလို အဖွဲ့ငယ် ၂၀ ကျော်ဟာလည်း လက်နက်နဲ့ ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်လာခဲ့ကြတဲ့အတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့။

ကျော်မြင့်နိုင်၏ "စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ နယ်ချဲ့သမားတွေရဲ့ ခေတ်သစ်နယ်ချဲ့စနစ်ရဲ့ ခေတ်သစ်ကိုလိုနီဖန်တီးမှု နည်းဗျူဟာတစ်ခုသာ ဖြစ်တယ်"

(ဆောင်းပါး) စာမျက်နှာ - ၈၊၉

တက္ကသိုလ်ဝင်စာမေးပွဲ စာမေးပွဲဝင်ခွင့်ကတ်ပြား ထုတ်ယူခွင့်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

၂၀၁၁ ခုနှစ် မတ် ၇ ရက်မှ မတ် ၁၇ ရက်အထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့် တောင်းထားကြသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့်-

(၁) တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီးတွင်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် (အင်္ဂါနေ့)မှစ၍ လည်းကောင်း၊

(၂) ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ၂၀၁၁ ခုနှစ် မတ် ၁ရက် (အင်္ဂါနေ့)မှစ၍ လည်းကောင်း စာမေးပွဲရက်မတိုင်မီ အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူကြရန် ဖြစ်သည်-

(က) အခြေခံပညာအထက်တန်းကျောင်း (ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ကျောင်းအုပ်ကြီးများထံမှ လည်းကောင်း၊

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

ကြေးမုံ The Mirror

၁၇-၂-၂၀၁၁
(ကြာသပတေးနေ့)

အနာကြီးရောဂါကင်းဝေးရေး ဆက်လက်တိုက်ဖျက်

အနာကြီးရောဂါသည် ကူးစက်တတ်သည့် နာတာရှည်ရောဂါ တစ်မျိုးဖြစ်သည်။ ကမ္ဘာ့နိုင်ငံများတွင် အနာကြီးရောဂါလူနာပေါင်း နှစ်သိန်းကျော်ရှိကြောင်းသိရသည်။ ဒေသမရွေး၊ လူမျိုးမရွေး၊ ကျားမ မရွေး ဖြစ်နိုင်သော်လည်း ရောဂါပိုးရှိသူနှင့် အချိန်အတန်ကြာ ထိတွေ့နေမှသာ ကူးစက်တတ်ပေသည်။

မြန်မာနိုင်ငံတွင် အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်ကို ဦးစားပေးအကောင်အထည်ဖော်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ဆေးပေါင်းကုသနည်း (MDT) ကို စတင်အသုံးပြုခဲ့သည်။ အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အတူ နီးနွယ်ဝန်ကြီးဌာနများ အပြည်ပြည်ဆိုင်ရာ အနာကြီးရောဂါ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းတို့က ငွေအား၊ လူအား၊ ပစ္စည်းအားနှင့် ကျွမ်းကျင်မှုဆိုင်ရာများ ပံ့ပိုးခဲ့သည်။

ထို့အတူ ပြည်တွင်းရှိ လူမှုရေးအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပြည်သူတစ်ရပ်လုံးကပါ ပူးပေါင်းပါဝင်ခဲ့ကြသည်။ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ကျေးလက်ဒေသများအရောက် ဆောင်ရွက်နိုင်ခဲ့ရာ ၂၀၀၃ ခုနှစ်တွင် အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက် အောင်မြင်မှုရရှိခဲ့သည်။ အနာကြီးရောဂါဖြစ်ပွားနှုန်း လူဦးရေတစ်သောင်းလျှင် တစ်ဦးထက် လျော့နည်းသွားရာ ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ ပပျောက်ခဲ့ပြီဖြစ်သည်။

ယင်းသို့ အနာကြီးရောဂါကင်းဝေးသွားသော်လည်း အနာကြီးရောဂါကူးစက်မှုမှာ ရှိနေဆဲဖြစ်သည်။ အနာကြီးရောဂါ ကင်းဝေးပြီးနောက်ပိုင်း တစ်နှစ်လျှင် လူနာသစ် ၃၀၀၀ ခန့်အထိ ရှာဖွေဖော်ထုတ် ဆေးဝါးကုသပေးလျက်ရှိသည်။ အနာကြီးရောဂါကင်းဝေးရေးလုပ်ငန်း အတွေ့အကြုံများအပေါ် အခြေခံ၍ ရောဂါတိုက်ဖျက်ရေး အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

ကျန်းမာရေးဦးစီးဌာနအနေဖြင့် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်သည်။ ပြည်သူလူထုအား ကျန်းမာရေးပညာပေးခြင်း၊ လူနာများအား အရည်အချင်းပြည့်ဝသော စောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးပြုစုစောင့်ရှောက်သူများအား ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများပို့ချခြင်း လုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။

အနာကြီးရောဂါတိုက်ဖျက်ရေးသည် ရောဂါပိုမိုဖြစ်ပွားတတ်သည့် ဒေသများတွင်သာမက အလွှာအသီးသီးရှိ ပြည်သူတိုင်းနှင့်သက်ဆိုင်သည်။ စုပေါင်းဆောင်ရွက်ရမည့် ရေရှည်လုပ်ငန်းတစ်ခုဖြစ်သည်။ အနာကြီးရောဂါလူနာများအား ကောင်းမွန်သော လူနာစောင့်ရှောက်မှုအပါအဝင် နှစ်သိမ့်ပညာပေးဆွေးနွေးခြင်း၊ လူနာနှင့်မိသားစုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြစေခြင်းတို့ဖြင့် အနာကြီးရောဂါတိုက်ဖျက်ရေး ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် နေပြည်တော် ဘတ်စကက်ဘော အားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်တက်ရောက်၍ National Fitness အမျိုးသားကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၏ အပန်းဖြေမှုဖြစ်သကဲ့သို့ ပျော်ရွှင်၊ စည်းလုံး၊ ချစ်ခင်မှုရရှိစေရေးနှင့် ဝန်ထမ်းများတက်ကြွရှင်လန်းစွာဖြင့် မိမိတာဝန်များကို ပိုမိုထမ်းရွက်နိုင်ရေးစသည့် ပြိုင်ပွဲကျင်းပပေးရခြင်းနှင့် ရည်ရွယ်ချက်(၃)နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ထို့နောက် ဖွင့်ပွဲနေ့ပွဲစဉ်အဖြစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက အမှတ် (၁၀၀)၊ (၃၉) မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲသို့ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကာလမှာ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ (တနင်္ဂနွေနေ့)မှအပ နေ့စဉ် နံနက်၊ ညနေ နှစ်ချိန်ခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အထက(၂)လမ်းမတော် ကျောင်းသား၊ ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အထက(၂)လမ်းမတော် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၀ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဖုန်း-၀၉-၈၅၁၆၁၉၉၊ ၂၂၈၁၀၄၊ ဒုတိယဥက္ကဋ္ဌ ဦးကံကောင်း ဖုန်း-၀၉-၉၉၂၃၅၂၈၊ အတွင်းရေးမှူး ဦးစိန်ဝင်း ဖုန်း-၀၉-၅၁၃၉၀၈၉၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၉-၅၁၃၉၀၈၉၊ ဘဏ္ဍာရေးမှူး ဦးကြင်စိန် ဖုန်း-၀၉-၈၆၁၀၈၉၈၊ ၀၉-၈၀၃၀၂၆၁ နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်လှလှဝင်းတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ပညာရေး)

ချင်းတွင်းအသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဂုဏ်ပြုပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ချင်းတွင်းအသင်း(ရန်ကုန်)၏ စုပေါင်း လှူဒါန်းပွဲ၊ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊အသက်(၈၀)နှင့်အထက် နာယကများ၊ သက်ကြီးအသင်းဝင် ဘိုးဘွားများပူဇော်ပွဲ၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူအသင်းဝင်များ၏ သားသမီးများ၊ စာပေဆုရအသင်းဝင် ချင်းတွင်း နယ်သူနယ်သားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၉ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော် ပရိဝုဏ် အတွင်းရှိ အနုတ္တရော ပုရိသဓမ္မသာရထိ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်၍ ကန်တော့ခံသက်ပြည့် ဘိုးဘွားများ၊ ဂုဏ်ထူးနှစ်ဘာသာနှင့် အထက်ရ အသင်းဝင်များ၏ သားသမီးများ၊ စာပေဆုရပုဂ္ဂိုလ်များနှင့် တက္ကသိုလ် ပညာသင်ထောက်ပံ့ဆုအတွက် ပညာရေးငွေပဒေသာပင် စိုက်ထူလိုသော ချင်းတွင်း နယ်သူ၊ နယ်သားစေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဇော်ဝင်း ဖုန်း-၀၉-၈၆၀၁၀၀၉၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် ဖုန်း-၅၃၄၇၆၄၊ အတွင်းရေးမှူး ဦးဝင်းငွေ ဖုန်း-၅၂၄၃၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်း ဖုန်း-၃၈၁၆၄၅၊ ဒေါ်မေစန်းတင် ဖုန်း-၂၄၆၂၃၁၊ ဦးညွန့်ဝေ ဖုန်း-၅၃၅၆၃၆နှင့် အသင်းတိုက်တည်ရှိရာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ် (၂၇) အခန်း(၅၇)သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း၊ အသင်းဝင်အားလုံးနှင့် အသင်းမဝင်ရသေးသည့် ချင်းတွင်း နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း ဆင့်ပွားသင်တန်း သရက်မြို့၌ ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့၌ မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ကျော်နိုင်က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ သင်တန်းသား ၂၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲ မတ္တရာ၌ ဖွင့်လှစ်

မတ္တရာ ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက မတ္တရာမြို့နယ်မြေစာရင်းဦးစီးဌာနရုံး၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးရွှေက လယ်ယာသန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြင်ဦးလွင်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(၄၆၉)

ဟိုပုံး၌ ရေမြောင်းများ ရှင်းလင်း

ဟိုပုံး ဖေဖော်ဝါရီ ၁၆

ဟိုပုံးမြို့ တောင်ရပ်ကွက်အတွင်းရှိ နောင်ဝိုကန်အတွင်းသို့ နွေရာသီတွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် ရေသွင်းသည့် ရေတွင်းမြောင်းအား ရပ်ကွက်အတွင်းရှိ ပြည်သူများနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများပူးပေါင်း၍ ရေမြောင်းရှင်းလင်းရေးလုပ်ငန်းကို ဇန်နဝါရီ ၁၅ ရက်ကဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်မြင့်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၂-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၃ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၃၀ ၅။ ဓမ္မပူဇာတေး
- ၇:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ ဦးတည်ချက်(၁၂)ရပ်
- ၈:၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၅။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၃။ အဖွင့်သီချင်း
- ၄:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၅။ ဗွီစီဒီကျော်ကြားတေး
- ၄:၂၅ ၆။ မွေးမြူသုတ
- ၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၀ ၈။ သတိနှင့်တိုးမည့် ပိုးဖလံများ
- ၄:၅၅ ၉။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ဇီဝဗေဒ)
- ၅:၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၄၀)**
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၅ ၁၅။ **ကာတွန်းအစီအစဉ် - ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း-၄၈)**
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြယ်စင်ညီအစ်မများ (အပိုင်း-၅၇)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဦးတည်ချက်(၁၂)ရပ်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၃။ လျှပ်တစ်ပြက်
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၁၁)**
- ၂၆။ ဂီတရင်ခုန်သံ
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

☆ ရှေ့ဖုံးမှ

အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး(၇)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရန် တင်ပြချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကတင်ပြသော ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၆ တို့နှင့်အညီ ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဦးထွန်းထွန်းဦးအား ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အရည်အချင်းနှင့် စပ်လျဉ်း၍ စိစစ်နိုင်ရန် ၎င်း၏ ကိုယ်ရေးအချက်အလက်ကို သက်ဆိုင်ရာပါတီအလိုက် ဆက်သွယ်ရန် တာဝန်ပေးထားသည့် ကိုယ်စားလှယ်က လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက် တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (ခ)အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်း၌ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က သတ္တမနေ့အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၇ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)



တင်ပြ

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကတင်ပြသော ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

❖ **တက္ကသိုလ်ဝင်စာမေးပွဲမှ**

(၁) ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့် ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီးထုတ်ယူနိုင်ကြသည်။

(၃) ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကြီးကြပ်ရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများထံ တိုက်ရိုက် စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၁၁ (ကြာသပတေးနေ့)

[၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း(၁၄) ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၂၅ ၈။ အကပဒေသာ
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄:၃၀ ၄။ အတီးပြိုင်ပွဲ
- ၄:၄၀ ၅။ ၂၀၁၁ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ "လူငယ်နှင့်ဆေးလိပ်အန္တရာယ်"
- ၅:၃၀ ၈။ သက်တံရောင်သံစဉ်
- ၅:၄၅ ၉။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ" အပိုင်း(-၄၂) (နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ ရွှေပန်းချီ၊ ကိုလင်း၊ ကိုရဲ၊ စိုပြေ) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆:၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ)(အပိုင်း-၁၁)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **"အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၁၄)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (အပိုင်း-၂၈)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၃၇)**
- ၂၁။ အစီအစဉ်ပြီး၏။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ပုလဲမြို့နယ် အိုင်းမကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအုပ်စု အိုင်းမကျေးရွာ ပညာ့အလင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မင်းတိုင်ပင်ရုံးခွဲဦးစီးမှူး ဦးမြင့်ဇော်၊ မင်းတိုင်ပင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အိုင်းမကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းမြင့်က စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး ရေရှည်တည်တံ့ရေးကို ဆွေးနွေးမှာကြားသည်။ ဆက်လက်ပြီး အိုင်းမကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးဇော်က ကျေးဇူးတင်စကားပြောကြားပြီး မင်းတိုင်ပင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်တင့်နှင့်ဇနီး ဒေါ်ခင်ဝင်းတာ မိသားစုက စာအုပ်ဗီရိုတစ်လုံး၊ မြို့နယ်ဦးစီးမှူး ဦးဆန်းမြင့်က သုတ/ရသစာအုပ် ၇၀ တို့ကို လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်ဇင်မာဝေက လက်ခံကြောင်း သိရှိရသည်။(သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအုပ်စု အိုင်းမကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မင်းတိုင်ပင်ရုံးခွဲ ဦးစီးမှူး ဦးမြင့်ဇော်၊ မင်းတိုင်ပင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အိုင်းမကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးဇော်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် "Han Sein Thant Engineering & Trading" ၏ ကူညီပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ ၁၉ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ နန္ဒာသိန်းဇံက "မြန်မာ့အတွေးအမြင် အစဉ်အလာများနှင့် အခြားအတွေးအမြင်များ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အခြေခံပညာမူလတန်းကျောင်း(ပြည်လမ်း)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ ဘာသာရပ် ထူးချွန်ဆုရ ဒုတိယတန်းမှ မောင်အောင်ကောင်းခန့်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

(17-2)03.pmd 1 2/17/2011, 2:52 AM

ကက်ပလာ လူမဲ့ကုန်တင်အာကာသယာဉ် လွှတ်တင်ရန်ပြင်ဆင်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

ဥရောပအာကာသအေဂျင်စီသည် ဥရောပမှ လွှတ်တင်ပြီးသမျှ အာကာသယာဉ်များတွင် ဝန်တန်ချိန်အလေးဆုံးဖြစ်သော လူလိုက်ပါခြင်းမရှိသည့် ကုန်တင်အာကာသယာဉ်ကို ဖေဖော်ဝါရီ ၁၇ ရက် (ယနေ့) တွင် လွှတ်တင်ရန်အတွက် ပြင်ဆင်လျက်ရှိသည်။

အဆိုပါ အာကာသယာဉ်သည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) အတွက် လိုအပ်သော ထောက်ပံ့ရေးပစ္စည်း ခုနစ်တန်ကျော်ကို တင်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါ လူလိုက်ပါခြင်းမရှိသည့် ကုန်တင်အာကာသယာဉ်ကို ၁၇ ရာစု ဂျာမန် နက္ခတ္တဗေဒ ပညာရှင်ဖြစ်သော ဂျိုဟန်နက်ကက်ပလာ၏အမည်ကို ပေးထားသည်။

အဆိုပါ အာကာသယာဉ်သည် အမြင့် ၁၀ မီတာနှင့် အကျယ် ၄ ဒသမ ၅ မီတာရှိပြီး စုစုပေါင်းအလေးချိန် တန် ၂၀ ကျော် ရှိမည်ဖြစ်ရာ အိုင်အက်စ်အက်စ်သို့ ဆိုက်ကပ်သည့် အာကာသယာဉ်များအနက် နာဆာမှ လွှတ်တင်သည့် အာကာသလွန်းပြန်ယာဉ်များပြီးလျှင် ဒုတိယ အကြီးဆုံး အာကာသယာဉ်ဖြစ်သည်။

အင်တာနက်။



ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများ အဓိပ္ပာယ်မရှိဟု အီရန်သမ္မတပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၁၆

အီရန်သမ္မတ မာမွတ်အာမာဒီနီဂျက်ဇ်က အီရန်အစ္စလာမ့်စ်သမ္မတနိုင်ငံအပေါ် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ ဆန့်ကျင်အရေးယူပိတ်ဆို့မှုများသည် အဓိပ္ပာယ်မရှိသော လုပ်ရပ်များဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ပရက်စ်တီဗွီ အင်္ဂလိပ်ဘာသာအစီအစဉ်သို့ ပြောကြားသည်။

အဆိုပါ အရေးယူပိတ်ဆို့မှု၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ အီရန်သမ္မတ အာမာဒီနီဂျက်ဇ်က ပြက်ရယ်ပြုလိုက်ပြီး စီးပွားရေးပြိုင်ဆိုင်မှုပြင်းထန်သည့် ယနေ့ကမ္ဘာတွင် အရေးယူပိတ်ဆို့မှုများမှာ အဓိပ္ပာယ်မရှိသော လုပ်ရပ်များသာ ဖြစ်ကြောင်းဖြင့်လည်း ပြောကြားလိုက်သည်။

မိမိတို့နိုင်ငံအပေါ် အဆိုပါ အရေးယူပိတ်ဆို့မှုကြောင့် ထိခိုက်မှုအနည်းငယ်ရှိစေနိုင်သော်လည်း မကြာမီ ပြန်လည်လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုအခါ နိုင်ငံ၏စီးပွားရေးမှာလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အီရန်နိုင်ငံသည် နယ်ပယ်ကဏ္ဍအများအပြား၌ မိမိကိုယ်ကိုယ် ယုံကြည်မှုများ ရရှိနေပြီဖြစ်ကြောင်း အာမာဒီနီဂျက်ဇ်က မှတ်ချက်ပြုပြောကြားခဲ့ကြောင်း ပရက်စ်တီဗွီက ဖော်ပြခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဖေဖော်ဝါရီ ၁၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၁၆ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၆၅၅ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၀၉၅၇ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၆၅၅ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၉၅၇ ဦး

အင်တာနက်။

လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် ဂျပန်နှင့် အိန္ဒိယချုပ်ဆို

တိုကျို ဖေဖော်ဝါရီ ၁၆

ဂျပန်နိုင်ငံနှင့် အလျင်အမြန်ဖွံ့ဖြိုးလာနေသော အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ပို့ကုန်အခြေခံသော ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်၍ နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ် (FTA)ကို ဗုဒ္ဓဟူးနေ့က လက်မှတ်ရေးထိုးခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဆယ်ဂျီမာအဲဟာရာနှင့် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး အနမ်ရှာမားတို့သည် တိုကျိုရှိ နိုင်ငံခြားရေးဝန်ကြီးရုံးတွင် အဆိုပါ သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ နှစ်ဖက်သဘောတူညီချက်အရ ဂျပန်နှင့် အိန္ဒိယတို့သည် ကြီးမားသောကုန်သွယ်ဖက်နိုင်ငံများအဖြစ် ရောက်ရှိလာစေပြီး ပါလီမန်၏ထောက်ခံအားပေးမှုကိုလည်း ရရှိစေလိမ့်မည်ဖြစ်ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ဂျပန်နှင့်အိန္ဒိယတို့သည် ကုန်သွယ်ရေးသဘောတူညီချက်နှင့် ပတ်သက်ပြီး ၂၀၀၇ ခုနှစ်ကတည်းက ဆွေးနွေးလာခဲ့ကြပြီး အဆုံးတွင် ၁၀ နှစ်အတွင်း ကောက်ခံခဲ့သည့်ကုန်ပစ္စည်း ၉၄ ရာခိုင်နှုန်း၏ အခွန်များကို ပယ်ဖျက်ရန် သဘောတူခဲ့ကြသည်။

ထို့ပြင် ဆန်၊ ဂျုံနှင့် နို့ထွက်ပစ္စည်းများကဲ့သို့သော ဂျပန်နိုင်ငံက ပြင်းပြင်းထန်ထန်ကာကွယ်ခဲ့သည့် စိုက်ပျိုးရေးဆိုင်ရာကုန်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများသည်လည်း အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ရလိမ့်မည်ဟု အာဏာပိုင်တစ်ဦးက ပြောကြားသည်။

လေ့လာဆန်းစစ်သူများက ဂျပန်-အိန္ဒိယ သဘောတူညီချက်သည် ဂျပန်နိုင်ငံအား မိုလ်ဘိုင်းဖုန်းများအပါအဝင် အခြားများပြားသော ထုတ်ကုန်ပစ္စည်းများတွင် အသုံးပြုနေသည့် ရှားပါးတွင်းထွက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုရင်းနှီးမြှုပ်နှံရန် လမ်းဖွင့်ပေးလိမ့်မည်ဟု မျှော်လင့်နေသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တာကီရှီမတ်ဆူနာဂါက အဆိုပါစာချုပ်သည် ရှားပါးတွင်းထွက်ပစ္စည်းများကို အသေအချာမရည်ညွှန်းကြောင်း၊ ၎င်းသည် ဂျပန်ကုမ္ပဏီများအား အိန္ဒိယနိုင်ငံ၏ကြွယ်ဝသော သဘာဝသယံဇာတအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် လွယ်ကူစွာ ရင်းနှီးမြှုပ်နှံရန် လုပ်ဆောင်နိုင်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၁၆ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၅၀၂၆ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၆၅၆၈ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၅၀၂၆ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၆၅၆၈ ဦး

အင်တာနက်။

အမေရိကန်အကောက်ခွန်ဝန်ထမ်းတစ်ဦး မက္ကဆီကို၌သတ်ဖြတ်ခံရ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

မက္ကဆီကိုနိုင်ငံအတွင်း မည်သူမည်ဝါမှန်း မသိရသူများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်ပြည်ထောင်စု အကောက်ခွန်အရာရှိတစ်ဦး သေနတ်ထိမှန်သေဆုံးသွားပြီး အခြားတစ်ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်အစိုးရအဆင့်မြင့် တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

အမိမြေလုံခြုံရေးအဖွဲ့အစည်း၏ အတွင်းရေးမှူး ဂျက်နက် နာပိုလီတာနိုက အဆိုပါတိုက်ခိုက်မှုမှာ တာဝန်ထမ်းဆောင်နေစဉ်

ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မက္ကဆီကိုစီးတီးတွင်အခြေစိုက်သည့် အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဝန်ထမ်း နှစ်ဦးတို့သည် မက္ကဆီကိုမြောက်ပိုင်း၏ မြို့တော်မွန်တာရေးသို့ အသွားတွင် ၎င်းတို့၏ မော်တော်ယာဉ်ကို ယခုကဲ့သို့တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အတွက်ကြောင့် ဖြစ်ပွားရကြောင်းနှင့် မည်သူတို့၏ လက်ချက်ဖြစ်ကြောင်း ရှင်းလင်းစွာမသိရသေးဟုဆိုသည်။ အခင်းဖြစ်ပွားသည့်နေရာမှာ မက္ကဆီကိုစီးတီး၏မြောက်ဘက် ကီလိုမီတာ ၃၂၀ ခန့်တွင်ရှိသည့် ဆန်လူးဝစ္စပိုတိုဆီမြို့အနီး အဝေးပြေးလမ်းမပေါ်တွင်ဖြစ်ပြီး မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့် သတ်ဖြတ်မှုများ တစ်ခါတစ်ရံမှသာ ဖြစ်ပွားလေ့ရှိသည့်နေရာဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

နယူးဇီလန်နှင့် ဩစတြေးလျစီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ချုပ်ဆို

ဝယ်လ်လင်တန် ဖေဖော်ဝါရီ ၁၆

နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကီးနှင့် ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂဲလ်လာ့ဒ်တို့သည် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် စီးပွားရေးနယ်ပယ်၌ နီးကပ်စွာ ဆက်ဆံဆောင်ရွက်ရန် သဘောတူစာချုပ်တစ်ရပ်ကို ဗုဒ္ဓဟူးနေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ်ကြောင့် ဩစတြေးလျ၏ နယူးဇီလန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ နယူးဇီလန်ဒေါ်လာသန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၃ သန်း)မှ ၄၄၇ သန်းအထိ တိုးမြှင့်သွားရမည်ဖြစ်ပြီး နယူးဇီလန်၏ ဩစတြေးလျနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ဩစတြေးလျဒေါ်လာသန်း ၂၃၀ (အမေရိကန်ဒေါ်လာ ၂၂၉ ဒသမ ၉ သန်း)မှ ၁ ဘီလီယံကျော်ခန့်အထိ တိုးမြှင့်သွားရမည်ဖြစ်သည်။ နှစ်နိုင်ငံအပြန်အလှန် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးဖြစ်ထွန်းမှုအရ နယူးဇီလန်နိုင်ငံ၏ စီးပွားရေးကို တောင့်တင်း ခိုင်မာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း ဂျွန်ကီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အင်တာနက်။

ဂျပန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား၍ ကြက်ကောင်ရေ ၆၇၀၀၀ ကျော်ကို သုတ်သင်

တိုကျို ဖေဖော်ဝါရီ ၁၆

ဂျပန်နိုင်ငံ ကန်ဆိုင်းဒေသအနောက်ပိုင်းရှိ ကြက်မွေးမြူရေးခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုကြောင့် ကြက်ကောင်ရေ ၁၆၀ ကျော် သေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက အတည်ပြုပြောကြားသည်။

မျိုးရိုးဗီဇဆိုင်ရာ စမ်းသပ်စစ်ဆေးချက်အရ ကြက်သေကောင်အချို့တွင် အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ H5 ဗိုင်းရပ်စ်ကူးစက်ရောဂါတစ်မျိုးကို ဂျပန်နိုင်ငံတောင်ပိုင်း၌ ယခုနှစ်ဆောင်းရာသီအတွင်း တွေ့ရှိခဲ့ရခြင်းဖြစ်ရာ နိုင်ငံအတွင်း ၂၀၀၄ ခုနှစ်နောက်ပိုင်း ကြက်ငှက်တုပ်ကွေးရောဂါပိုး ကူးစက်မှု အဆိုးရွားဆုံးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော ကြက်မွေးမြူရေးခြံမှ ကြက်ကောင်ရေ ၆၇၀၀၀ ကို သုတ်သင်ပစ်ခဲ့ပြီး ၁၀ ကီလိုမီတာ ပတ်လည်တွင် ကြက်နှင့် ကြက်ဥများအား တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်ရောင်းဝယ်မှုကို ဒေသအာဏာပိုင်များက ပိတ်ပင်တားမြစ်ထားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ ကူးစက်မှုမရှိစေရေး ကြက်သားနှင့် ကြက်ဥများကို အထူးဂရုပြု ကိုင်တွယ်ချက်ပြုတ်စားသောက်ကြရန် စိုက်ပျိုးရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားသည်။

ထို့အပြင် ယခုနှစ်ဆောင်းရာသီ နိုဝင်ဘာလကတည်းကပင် ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး ကူးစက်မှုမရှိစေရန် ကာကွယ်တားဆီးရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း အစိုးရတာဝန်ရှိသူများက သတင်းထောက်များအား ပြောကြားသည်။

အင်တာနက်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီ(၅)ခုတို့ စာချုပ်ချုပ်ဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီငါးခုဖြစ်သော Barons Machinery & Engineering Pte.,Ltd., Sino Hydro Coporation Ltd.,Gunkul Engineering Public Co.,Ltd.,United National Oil & Gas Pte.,Ltd.,Chint Electric Co.,Ltd. တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်း၊ ရွှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကုမ္ပဏီငါးခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဝန်ကြီးဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား Barons Machinery & Engineering Pte.,Ltd., Managing Director ဒေါ်အိဖြူစင်ဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် ကုမ္ပဏီငါးခုတို့မှ အုပ်ချုပ်မှုဒါရိုက်တာများသည်စစ်တောင်း ပင်မဓာတ်အားခွဲရုံ အဝင်/အထွက် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းခြောက်မိုင်၊ စစ်တောင်း ပင်မဓာတ်အားခွဲရုံ၊ သဖန်းဆိပ် ပင်မဓာတ်အားခွဲရုံနှင့် ငှက်ပျောဒိုင်း ပင်မဓာတ်အားခွဲရုံတို့အတွက် လိုအပ်သောလျှပ်စစ်ပစ္စည်းများ ဝယ်ယူရန်အတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိဘများနှင့် ဦးဘိုးဝတို့အားရည်စူး၍ ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်သန်းနှင့် သားသမီး မြေးမြစ်များက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ ခုတင်၊ ဗီရို၊ မွေ့ရာ လေးစုံအတွက် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်သွင် လက်ခံစဉ်။ (သတင်းစဉ်)

TAW WIN Centre Branch ဆိုင်ခွဲဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

Myanmar Book Centre ၏ စတုတ္ထမြောက်ဆိုင်ခွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ TAW WIN Centre, 2nd F1, Rm.3004 (ကလေးကစားကွင်းအနီး)၌ ဖွင့်လှစ်ပြီးဖြစ်ကြောင်းသိရသည်။

Myanmar Book Centre သည် နိုင်ငံတကာထုတ်ဝေသူများက ထုတ်ဝေသော ကလေးစာအုပ်များ၊ Course Book များ၊ Reference Books များ၊ ဝိဇ္ဇာနှင့် သိပ္ပံစာအုပ်များ၊ Medical နှင့် Engineering Books များ၊ သင်ထောက်ကူပစ္စည်းမျိုးစုံကို အများဆုံးနှင့်ဈေးနှုန်းအချိုသာဆုံးတင်သွင်းဖြန့်ချိလျက်ရှိသည်။

ယခု TAW WIN Centre တွင်ထပ်မံဖွင့်လှစ်သော Myanmar Book Centre ၏ စတုတ္ထမြောက်ဆိုင်ခွဲဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၆ ရက်အထိ Member များအား ၁၅ရာခိုင်နှုန်း Discount နှင့် Non-Member များအား ၁၀ရာခိုင်နှုန်း Discount ပေးသွားမည့်အပြင် ငွေကျပ် ၅၀၀၀ ဖိုးဝယ်ယူသူတိုင်းအတွက် ပျော်ရွှင်ဖွယ်ရာ ကံစမ်းမဲအစီအစဉ်များလည်း ပါရှိသည်။

Myanmar Book Centre ၏ယခုဖွင့်လှစ်သောဆိုင်ခွဲမှာ စတုတ္ထမြောက်ဆိုင်ခွဲဖြစ်ပြီး ကျန်ဆိုင်ခွဲများကို ရန်ကုန်မြို့၌ အမှတ်(၅၅) ဗဟိုလမ်း အလုံလမ်းနှင့် ဗဟိုလမ်းထောင့် အလုံမြို့နယ် အမှတ်(၅၆၁-၅၆၇)အခန်းအမှတ်(၃) မြေညီထပ် MAC Tower I ကုန်သည်လမ်း ကျောက်တံတားမြို့နယ်နှင့် မန္တလေးမြို့၌ အခန်း (၄၂၉)(၄) လွှာ 78 Shopping Centre တို့တွင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်းနှင့် ယခု TAW WIN Centre ဆိုင်ခွဲကို နေ့စဉ်နံနက် ၁၀နာရီမှ ည ၁၀ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)



ဖွင့်လှစ်ထား

Myanmar Book Centre **၏ စတုတ္ထမြောက် ဆိုင်ခွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ** TAW WIN Centre **၌ ဖွင့်လှစ်ထားစဉ်။** (သတင်းစဉ်)

ပြည်တက္ကသိုလ်၌ ယာဉ်/လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ပြည်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်တက္ကသိုလ် သီတာခန်းမ၌ ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တိုင်းရဲတပ်ဖွဲ့မှ ရဲမှူးသန်းငွေ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးသိန်းထွဋ်နှင့် စစ်ဆေးရေးမှူး(၂) ဦးချိုကြီးပြည်မြို့ယာဉ်ထိန်းရဲတပ်ဖွဲ့မှတာဝန်ခံ ဒုတိယရဲမှူးမြတ်ဦးတို့က မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုဆိုင်ရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကိုအသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E&P Myanmar သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ကုန်းတွင်းသို့ ပိုက်လိုင်းဖြင့် သွယ်တန်းရာ၌ ပိုက်လိုင်းကမ်းခြေသို့ ဝင်ရောက်ရန်နေရာဖြစ်သော ကမ်းခြေအနီးတစ်ဝိုက်(Near Shore Landfall Area) တွင် မြေပြုပြင်ခြင်းလုပ်ငန်းများကို Excavator Mounted Spud Barge "Dredging Dharti xxiv" နှင့် Hopper Barge"V-41" တို့ဖြင့် မတ် ၂ ရက်မှ မေ ၃၁ ရက် အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တည်နေရာများ

Excavator Mounted Spud Barge "Dredging Dharti xxiv" နှင့် Hopper Barge "V-41" တို့ဖြင့် မြေပြုပြင်ခြင်းဆောင်ရွက်မည့် လုပ်ငန်းခွင်တည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ်၊ ၁၇ ဒသမ ၁၈၃၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်၊ ၈ ဒသမ ၁၂၃၀၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ်၊ ၅၄ ဒသမ ၅၂၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်၊ ၃၂ ဒသမ ၇၃၃၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ်၊ ၃၁ ဒသမ ၁၇၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်၊ ၈ ဒသမ ၈၄၉၀၃ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ်၊ ၅၃ ဒသမ ၈၃၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ်၊ ၄၄ ဒသမ ၂၄၀၂ စက္ကန့်နှင့် Work Site Centre မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ်၊ ၅၄ ဒသမ ၁၈၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်၊ ၈ ဒသမ ၄၈၆၀၆ အတွင်းတွင်ဖြစ်သည်။

အသိပေးထား

သို့ဖြစ်ပါ၍ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ကုန်းတွင်းသို့ ပိုက်လိုင်းဖြင့် သွယ်တန်းရာ၌ ပိုက်လိုင်းကမ်းခြေသို့ ဝင်ရောက်ရန်နေရာဖြစ်သော ကမ်းခြေအနီးတစ်ဝိုက် (Near Shore Landfall Area) တွင် မြေပြုပြင်ခြင်းလုပ်ငန်းများကို Excavator Mounted Spud Barge "Dredging Dharti xxiv" နှင့် Hopper Barge "V-41" တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း အဆိုပြုလွှာပေးအပ်ပွဲ သန်လျင်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း ရန်ကုန်တောင်ပိုင်းခရိုင်၏ ဦးဆောင်မှုဖြင့် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီတွင် အထက (၂)သန်လျင် ရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်သာသနာ့ နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးသိန်းဇော်လေးက အသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး အထက(၂)သန်လျင်မှ အသင်းဝင် အလှူငွေကျပ် နှစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွယ်က ခရိုင်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူ ၈၀၀တို့၏ အသင်းဝင် အဆိုပြုလွှာများကို သက်ဆိုင်ရာ အတန်းမှူးများက ပေးအပ်ကြရာ ခရိုင်သာသနာ့နုဂ္ဂဟအသင်း အမှုဆောင် ဦးအောင်ကျော်ဝင်း၊ သန်လျင်မြို့နယ် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးရွှေဝင်းတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။ (၅၂၇)

အထက(၄) ဗိုလ်တထောင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသော မသက်မှူးငယ်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ပြုံးဝင်း ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

လက်ဆောင်ပေးအပ်

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ပန်းတနော်မြို့ ပန်းဧရာခန်းမ၌ ကျင်းပရာ စာရေးဆရာ လယ်တွင်းသားစောချစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဦး ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (၁၆၆)

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းသင်တန်း ဝါးခယ်မမြို့နယ်၌ ဖွင့်လှစ်

ဝါးခယ်မ ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်မြေစာရင်းဦးစီးဌာနရုံးခန်း၌ ကျင်းပရာ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမြအေးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ကြောင်း သိရသည်။ **(မြို့နယ်မြေစာရင်း)**

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

၂၀၁၁ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ဇေယျာဝတီရေတပ်စခန်းဌာနချုပ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဇေယျာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်းဆုကို အမှတ်(၁) ရေတပ်လေ့ကျင့်ရေးကျောင်းအသင်းက ဆွတ်ခူးရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ အမှတ်(၁) ရေတပ်လေ့ကျင့်ရေးကျောင်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဇေယျာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူးက ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု
သထုံမြို့နယ် ဒဂ်ီးဆိပ်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စု ဒဂ်ီးဆိပ်ကျေးရွာ "ရွှေဒဂ်ီး" စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်ကို သထုံမြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်၊ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးလေးဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရေးအတွက် ဆွေးနွေးပြောကြားသည်။ ထို့နောက် စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလေးဝင်းက စာကြည့်တိုက် ဖြစ်ပေါ်လာရပုံကို ရှင်းလင်းတင်ပြပြီး စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သူဇာအောင်က စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမောင်ပိန်ထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် မြို့နယ်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာနေအများပြည်သူ ပူးပေါင်း လှူဒါန်းငွေ စုစုပေါင်း ငွေကျပ်သိန်း ၃၀ ကျော် အကုန်အကျခံကာ တည်ဆောက်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စု ဒဂ်ီးဆိပ်ကျေးရွာ "ရွှေဒဂ်ီး" စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (ခရိုင် ပြန်/ဆက်)

ခရမ်းဘိုးဘွားရိပ်သာသို့ စက်ရေတွင်း လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရှိ ခရမ်းဘိုးဘွားရိပ်သာသို့ စက်ရေတွင်း လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် အဆိုပါ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဦးခင်မောင်သန်းက လှူဒါန်းရသည့် ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးသိန်းရွှေက ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားကာ ဘိုးဘွားရိပ်သာအဖွဲ့ အမှုဆောင် ဦးကျော်ခင်က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အဆိုပါစက်ရေတွင်းကို နှစ်ဖက်သော ဘိုးဘွားမိဘများအား အမှူးထား၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်း ပုဂံအိမ်ရာနေ ဦးခင်မောင်သန်း+ဒေါ်မြင့်မြင့်စိုးမိသားစုက စုစုပေါင်း ကုန်ကျငွေ ၂၀၂၂၄၈၆ ကျပ်ဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

iora (Singapore) အမျိုးသမီးဝတ် ဆိုင်သစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

Silver Tiger Co., Ltd. နှင့် iora Fashion Pte Ltd. တို့ ကြီးမှူးစီစဉ်သော iora(Singapore) အမျိုးသမီးဝတ် အထည်မျိုးစုံ ပထမဆုံး ဆိုင်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၁ နာရီတွင် အဆိုပါဆိုင်သစ်တည်ရှိရာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း အမှတ်(၄၅)ရှိ တော်ဝင်စင်တာမြေညီထပ် ဆိုင်ခန်း အမှတ်(၁၀၁၃)၌ ကျင်းပသည်။ ဆိုင်သစ်ဖွင့်ပွဲတွင် iora Fashion Pte Ltd Sale & Marketing Manager Ms. TEOTOONLIN၊ ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ မေသန်းနု၊ Silver Tiger Co., Ltd. Director မမဒီ တင်လတ်နှင့် ရုပ်ရှင်သရုပ်ဆောင် မယ်လိုဒီတို့က ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ iora အမျိုးသမီးဝတ်အထည်မျိုးစုံသည် Singapore ဆိုင်၏ ရောင်းအားအကောင်းဆုံးနှင့် အမျိုးသမီးအများစု ကြိုက်နှစ်သက်လက်ခံသော အရည်အသွေးအကောင်းဆုံး အထည်များဖြစ်ပြီး Singapore သတ်မှတ်ထားသော ဈေးနှုန်းအတိုင်းရောင်းချပေးသော ဝယ်ယူရသည့် ဈေးနှုန်းနှင့် ညီမျှထိုက်တန်သော အဝတ်အထည်ကောင်းများ ဖြစ်သည်။

လက်လီလက်ကား

၎င်း iora အမျိုးသမီးအဝတ်အထည်များသည် အသက်(၁၈)နှစ်မှ အထက် အမျိုးသမီးများ အားလုံးဝတ်ဆင်နိုင်ပြီး ပွဲလမ်းသဘင်နှင့် အခမ်းအနားများ၊ ရုံး၊ ကျောင်းနှင့်နေရာဒေသမရွေး ဝတ်ဆင်နိုင်သည်။ လက်လီ၊ လက်ကားဝယ်ယူလိုသူများအနေဖြင့် ဆက်သွယ်ရန်မှာ ဆိုင်ခန်း အမှတ်(၁၀၁၃) (မြေညီထပ်) တော်ဝင်စင်တာ ပြည်လမ်း ဒဂုံမြို့နယ် ဖုန်း-၆၈၀၀၁၁၁၊ လိုင်းခွဲ (၁၀၁၃)သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပြီး အခြားဆိုင်ခွဲများ ဆက်လက်ထပ်မံဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

စက်ရေတွင်းအလှူရှင် ဦးခင်မောင်သန်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့က ခရမ်းဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးမျိုးညွန့်ထံ စက်ရေတွင်းတူးဖော်မှုဆိုင်ရာ အချက်အလက်များကို ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေခါးများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင် မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဉ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရားဖြူရပ်ကွက် လွယ်ခမ်းလမ်း အရှည်ပေ ၃၇၀၀ အား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ခြင်း လုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်သန္တာသောင်းစိန် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

\- \- \- \- \- \-

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ပန်းဇရာကွက်သစ်-ဝဲဒေါင့် ကျေးလက်ကျောက်ချောလမ်းသစ်ခင်းခြင်းကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

\- \- \- \- \- \-

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆင်အိုးချေ-လေညှင်းတောင်လမ်း ကျောက်ချောခင်းနေမှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

\- \- \- \- \- \-

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း ဈေးသူ၊ ဈေးသားများ အလေးချိန်ခွင် မှန်ကန်မှုရှိစေရေးအတွက် ဖေဖော်ဝါရီ ၆ ရက်က သမာဓိချိန်ခွင် အလေးချိန်ခွင်များ စစ်ဆေးနေမှုကို ဦးစီးအရာရှိ ဦးမျိုးဇော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

\- \- \- \- \- \-

မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလေးချောင်-ကျိုးညို-လက်မဲပြင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ခံ အင်ဂျင်နီယာ ဦးတင်အောင်ခန့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် နေပြည်တော်ရှိ ဆက်သွယ်ရေးစက်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ရှိ ဆက်သွယ်ရေးစက်ခန်းများ ဝန်ကြီး ဦးသိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့်အတူ ယနေ့တွင် နေပြည်တော်ရှိ အော်တိုအိတ်ချိန်း၌ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ အော်တိုအိတ်ချိန်းစက်ခန်းနှင့် ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်း စက်ခန်းအတွင်း ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေး အထူးဂရုပြု ကိုင်တွယ်ဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် Network Control & Management Center၊ သတင်းအချက်အလက်နှင့် နည်းပညာစက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်မှုကွန်ရက်များ ပိုမိုကောင်းမွန်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အော်တိုအိတ်ချိန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော် ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး မိုဘိုင်းစနစ်များ အရည်အသွေး ပြည့်မီစွာဖြင့် ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် စက်ပစ္စည်းများ ထပ်မံတိုးချဲ့သွားရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးအား ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CASC (China Aero Space Company) Vice President Mr. Yuan Jia Jun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

TRUE VALUE မှ Geo Informatics Solution များ Software & Solution Exhibition 2011 တွင် ပြသသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

LUCKY BIRD GROUP ၏ လုပ်ငန်းတစ်ခုဖြစ်သည့် True Value Solution မှ Geo Informatic Services & Solutions များကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် Strand Hotel ၌ ကျင်းပမည့် Software & Solution Exhibition 2011တွင် ပြသသွားမည်ဖြစ်သည်။

အဆိုပါ Geo Informatic Solutions များတွင် လုပ်ငန်းတိုင်းအတွက် မရှိမဖြစ်လိုအပ်သော GIS Mapping & Solution (Geographic Information System), Remote Sensing & Satellite Image များ၊ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းတည်နေရာ သတ်မှတ်ရွေးချယ်ရန်နှင့် Analysis ပြုလုပ်နိုင်သော GIS Solution များ၊ Image များအား Digital Classification နှင့် Interpretation ပြုလုပ်ပေးခြင်းများ၊ သဘာဝ သယံဇာတတူးဖော်ရေးအတွက် Geologic Field Survey နှင့် Solution များ၊ လမ်းတံတားများ တည်ဆောက်ခြင်းအတွက် လမ်းကြောင်းရှာပေးသော Solution များအစရှိသော အဆင့်မြင့်နည်းပညာ Solution များကို ပြသသွားမည်ဖြစ်သည်။

ထို့အပြင် ပကတိပထဝီမြေပြင် အနေအထားများကို Analysis ပြုလုပ်နိုင်ရန် Surveying နှင့် အသေးစိတ်ကွန်တို Detail Contour Solution များ၊ Terrain Analysis ပြုလုပ်ပေးခြင်း၊ 3D Visual Analysis နှင့် GIS Volume Calculation တို့ဖြင့် မြေပြင်၊ ရေပြင်၊ တော၊ တောင်အနေအထားတို့၏ ထုထည်ပမာဏ တွက်ချက်ပေးခြင်းဆိုင်ရာ အဆင့်မြင့် Geo Informatic Services & Solution များကိုလည်း ပြသသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် LUCKY BIRD GROUP of Companies ၏ TRUE VALUE SHOW ROOM များ တည်ရှိရာ ရန်ကုန်ရုံး အမှတ်(၃၅၁) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၂၄၈၁၆၇ နှင့် ၀၉-၈၀၂၂၀၂၅၊ မန္တလေးရုံး အမှတ် (၅) (၂၆)လမ်း (၇၈)လမ်းနှင့် (၇၉)လမ်းကြား ဖုန်း-၀၂-၂၀၅၇၂၊ နေပြည်တော်ရုံး သပြေကုန်းဈေးအနောက်မြောက်အဝိုင်း ဖုန်း-၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်သန်းဦးနှင့် ဦးစိန်ဝင်းလှိုင်၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် ဖိတ်ကြားထားသူများအား ထိုင်းနိုင်ငံ Board of Trade of Thailand ဒုတိယဥက္ကဋ္ဌ Mr. NIYON WAIRATPANIT နှင့် Thai Rice Exporters Association ဥက္ကဋ္ဌ Miss Korbsook IAMSURI တို့ ခေါင်းဆောင်၍ အဖွဲ့ဝင် ၃၅ ဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ ဆန်စပါးလုပ်ငန်းဆောင်ရွက်လုပ်ကိုင်နေမှုအခြေအနေများ၊ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ ဆန်စပါးဆိုင်ရာမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စ၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်တင်ပို့မှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးကိစ္စ၊ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် စေလွှတ်ရေး၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ လေ့လာဖလှယ်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

မိုးကောင်း ဖေဖော်ဝါရီ ၁၆

ကချင်ပြည်နယ် မိုးကောင်းမြို့ အောင်မြေရတနာဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရာ ဦးစောထွေး(ငါး၊ ပုစွန် ရောင်းဝယ်ရေးလုပ်ငန်းရှင်)သည် ကစားဖော်များဖြစ်ကြသော ဦးအုံ့လင်း(နမ္မတီး)၊ ဦးညီငယ်၊ ဦးကိုဦးတို့နှင့် ဂေါက်သီးရိုက်ကစားစဉ် ၁၇၄ ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၁၇)ကို SRIXON SOFT Feel No.3 ဘောလုံးအား Taylor Made R-7 Iron-6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

မီးဖို သုံးလျှင်

(က) သုံးစွဲပြီးပါက မီးကြွင်းမီးကျန် မရှိပါစေနှင့်။
(ခ) မီးဖိုအနီးမှာ လူစောင့်အမြဲထားပါ။
(ဂ) မီးဖိုအနီး လောင်စာဆီ မထားပါနှင့်။
(ဃ) အိုမင်းမစွမ်းသူများနှင့် ကလေးသူငယ်များကို မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေး ကျိုခြင်းများ မပြုလုပ်ခိုင်းပါနှင့်။
(င) သုံးစွဲပြီးလျှင် မီးကြွင်းမီးကျန်မရှိအောင် စနစ်တကျစစ်ဆေးပါ။
(စ) အခါအားလျော်စွာ သတ်မှတ်ထားသည့် မီးသုံးစွဲချိန်များကို လိုက်နာပါ။
(ဆ) မီးဖိုနံဘေးတွင် လုံလောက်သော အကာအရံထားရှိပြီး သဲပုံး၊ ရေပုံးများထားပါ။

မီးသတ်ဦးစီးဌာန

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၇-၁၉၉၁) အင်ဂျင်နီယာ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၇-၁၉၉၁) မြို့ပြအင်ဂျင်နီယာကျောင်းဆင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်အတူ ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၇-၁၉၉၁)မေဂျာစုံ အင်ဂျင်နီယာကျောင်းဆင်းများ၏ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့)တွင် ညနေ ၃ နာရီမှ ၅ နာရီအထိ လည်းကောင်း၊ မိတ်ဆုံစားပွဲကို ညနေ ၆ နာရီ မှ ည ၈ နာရီအထိ လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အင်းယားကန်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာညဏ်မြင့်ကျော် ဖုန်း-၀၉-၅၀၃၃၅၅၈၊ ဦးစိုးလွင်(ချက်ကြီး) ဖုန်း-၀၉-၅၀၄၁၉၀၅၊ ဦးဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၀၇၇၁၅၃၊ ဦးကိုကိုထွေး ဖုန်း-၀၉-၅၁၇၉၁၁၀၊ ဦးသန်းဝင်း ဖုန်း-၀၉-၅၀၁၇၄၂၅၊ စက်မှု၊ လျှပ်စစ်နှင့် မေဂျာစုံ-ဦးမိုးမြင့်ကျော် ဖုန်း-၀၉-၅၀၃၆၀၆၉၊ ဦးတင်မောင်နိုင် ဖုန်း-၀၉-၅၁၂၅၃၇၆၊ ဦးကျော်သူအောင် ဖုန်း-၀၉-၅၀၀၀၃၁၈၊ ဦးတင်ဦး ဖုန်း-၀၉-၅၀၀၈၉၂၃ နှင့် ဦးခင်မောင်လွင်(ကြက်တော) ဖုန်း-၀၉-၅၀၀၄၁၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၃ ရက်က ကညင်ချောင်းဖျားကျေးရွာ နှစ်လက်မ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနား၌ မြောင်းမြခရိုင်ဥက္ကဋ္ဌ ဦးမင်းထူးကျော်၊ မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးသန်းဝင်းနှင့် ကျေးရွာနေပြည်သူ မန်းမြသောင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မာန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လမ်းသစ်လမ်း ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးဇော်မင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးစောထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

တာမွေမြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း၏ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ယင်းကျောင်းခန်းမ၌ ကျင်းပရာ စတုတ္ထတန်း မြို့နယ်အဆင့် ဘက်စုံပထမဆု၊ ကမ္ဘာ့စားနပ်ရိက္ခာ အထိမ်းအမှတ်နေ့ စာစီစာကုံးပြိုင်ပွဲ ဒုတိယဆုနှင့် မြို့နယ်စာစီစာကုံးပြိုင်ပွဲ စတုတ္ထဆု ရရှိသော မမေဖြိုးသူအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်း ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ နယ်ချဲ့သမားတွေရဲ့ ခေတ်သစ်နယ်ချဲ့စနစ်ရဲ့ ခေတ်သစ်ကိုလိုနီဖန်တီးမှု နည်းဗျူဟာတစ်ခုသာဖြစ်

ကျော်မြင့်နိုင်

၁၉၈၈ခု အရေးအခင်းဒီဘက်ပိုင်းမှာ နဝတအစိုးရနဲ့ ဥပဒေတွင်း ဥပဒေပ အစိုးရဆန့်ကျင်ရေး အင်အားစုတွေရဲ့ ပဋိပက္ခမှာ အနောက်အုပ်စု နယ်ချဲ့လက်ဟောင်းလက်သစ် နိုင်ငံတွေဟာ ဥပဒေတွင်း ဥပဒေပ (သောင်းကျန်းသူများ) အစိုးရဆန့်ကျင်ရေးအင်အားစုတွေကို စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့အရ သွယ်ဝိုက် တိုက်ရိုက် ပြောင်တစ်မျိုး၊ လျှို့ဝှက်တစ်ဖုံ နည်းမျိုးစုံဖြင့် ထောက်ကူအားပေးခဲ့ကြတယ်။ တစ်ချိန်တည်းမှာပဲ တိုင်းပြည်နဲ့ ပြည်သူတွေမွဲပြာကျပြီး ၁၉၈၈ ဆူပူအုံကြွမှုကြီးမျိုးတွေ ထပ်မံဖြစ်ပေါ်လာရန် စီးပွားရေးပိတ်ဆို့ဖိအားပေးမှုတွေကိုလည်း တစ်မျိုးပြီး တစ်မျိုး လုပ်ဆောင်ခဲ့ကြတယ်။ အဓိကရည်ရွယ်ချက်ကတော့ တည်ဆဲအစိုးရပြုတ်ကျပြီး သူတို့ဩဇာခံတွေ အာဏာရရှိရေးအတွက် ဖြစ်တယ်။

သို့သော် မြန်မာနိုင်ငံဟာ လူဦးရေ သန်း ၅၀ ကျော်ရှိတဲ့ အလယ်အလတ်နိုင်ငံတစ်ခုဖြစ်ပြီး ရေမြေရာသီဥတုနဲ့ သယံဇာတပစ္စည်းတွေဟာ ပြည်သူတွေအတွက် စားဝတ်နေရေးကို လုံလောက်အောင်ဖန်တီးဖော်ဆောင်နိုင်လောက်တဲ့ ရုပ်အခြေခံတွေရှိနေတာရယ်၊ နဝတအစိုးရဟာ အာဏာရရှိလာပြီးတာနဲ့ တစ်ပြိုင်နက် ပြည်သူ့အကျိုးနဲ့ ဆန့်ကျင်နေတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ဖျက်သိမ်းပြီး ပြည်သူ့ရုပ်ဘဝ လိုအပ်ချက်အမှန်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖော်ဆောင်ပေးခဲ့တာရယ်၊ လယ်ယာမြေ နိုင်ငံပိုင်လုပ်ထားမှုကြောင့် အတိတ်က မြေရှင်စနစ်ဆိုးအောက်မှာ ပြားပြားမှောက်ပြီး လယ်ပြီးချိန်ရောက်ရင် ကောက်ဆွနဲ့ ဆန်ကောပြောနိုင်မှရဆိုတဲ့ အနေအထားမှာ ရောက်ခဲ့ရတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းရှိတဲ့ တောင်သူလယ်သမားတွေဟာ မိမိတို့ စိုက်ပျိုးရရှိတဲ့ ကောက်ပဲသီးနှံတွေကို လွတ်လပ်စွာရောင်းဝယ်ဖောက်ကားခွင့် ရရှိလာတာရယ်၊ အိမ်နီးချင်းနိုင်ငံတွေဆီကို ကောက်ပဲသီးနှံတွေ ဈေးကောင်းကောင်းဖြင့် ရောင်းချလာနိုင်ကြရတာရယ်တို့ကြောင့် တောင်သူလယ်သမားအများစုကြီးဟာ စီးပွားရေးတွေ တိုးတက်လာပြီး ပြည်တွင်းဝယ်လိုအားတွေ တိုးတက်လာတယ်။ ဒ့ါကြောင့် မြို့ပြဒေသတွေဟာ အသေးစား၊ အလတ်စား၊ ကုန်ထုတ်လုပ်ငန်းတွေ တိုးတက်ဖြစ်ပေါ်လာပြီး ပြည်တွင်းပြည်ပကူးသန်းရောင်းဝယ်ရေးတွေ တိုးတက်လာမှုကြောင့် ပြည်သူတွေရဲ့ စားဝတ်နေရေး၊ စီးပွားရေးတွေ တိုးတက်လာသလို တောနယ်ကျေးရွာတွေဟာလည်း တိုးတက်စည်ပင်သာယာလာခဲ့တယ်။

ဒီလို ပြောင်းလဲတိုးတက်လာတဲ့ ရုပ်အခြေအနေတွေကို ကာယကံမြောက် တွေ့မြင်သိရှိလာမှုအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့ဟာ အတိုက်အခိုက်ရပ်စဲတဲ့နည်းဖြင့် ငြိမ်းချမ်းရေးရယူလာခဲ့ကြသလို အဖွဲ့ငယ် ၂၀ ကျော်ဟာလည်း လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်လာခဲ့ကြတဲ့အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့တယ်။

ဒီလိုရုပ်အခြေအနေတွေ ပြောင်းလဲတိုးတက်မှုတွေကြောင့် နယ်ချဲ့သမားတွေနဲ့ သူတို့ရဲ့ဩဇာခံတွေ မျှော်လင့်ထားတဲ့ တပ်မတော်အစိုးရပြုတ်ကျပြီး အစိုးရဆန့်ကျင်ရေးဝါဒီတွေ အာဏာရရေးဟာ ရွှေငုံးမင်း အမြီးမျှော်တဲ့ကိန်းဆိုက်ခဲ့ကြရကာ ဥပဒေတွင်း ဥပဒေပ အစိုးရဆန့်ကျင်ရေးအင်အားစုတွေဟာ တစ်နေ့တခြားလူထုထောက်ခံမှု လျော့နည်းကျဆင်းပြီး အင်အားလျော့နည်းကျဆင်းလာတဲ့ကံကြမ္မာနဲ့ ရင်ဆိုင်လာကြရတယ်။

တစ်ချိန်တည်းမှာ ပြည်သူများရော၊ သဘောထားမှန်တဲ့ ပြည်တွင်း ပြည်ပအဖွဲ့အစည်း၊ အစိုးရများကပါ NLD နဲ့ အနောက်နိုင်ငံကြီးများရဲ့ စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ မှားယွင်းကြောင်းသိမြင်လာကာ စီးပွားရေးပိတ်ဆို့ဖိအားပေးမှုကို ဆန့်ကျင်ကန့်ကွက်လာကြတယ်။

ဒ့ါကြောင့် နယ်ချဲ့သမားတွေက သူတို့ရဲ့စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ တည်ဆဲအစိုးရရဲ့ ဒီမိုကရေစီရေး ဖိနှိပ်ပိတ်ပင်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့် ဒါတွေ လျော့နည်းပပျောက်အောင် လုပ်ဆောင်ရတာ ဖြစ်ပါတယ်လို့ပြောပြီး အစိုးရဆန့်ကျင်ရေးဝါဒီတွေကို ထောက်ပံ့မှုတွေ ပိုလုပ်လာကြတယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ထိပါးပျက်ပြားစေတဲ့ မမှန်မကန်အကြံအဖန်လှုပ်ရှားမှုတွေ ကျူးလွန်ကြလို့ ဖမ်းဆီးပိတ်ပင်အရေးယူခဲ့ရမှုတွေကိုလည်း ဒီမိုကရေစီရေးဖိနှိပ်ချိုးနှိမ်မှုအဖြစ် စဉ်ဆက်မပြတ် ဝါဒဖြန့်ချိလှုံ့ဆော်မှုတွေနဲ့အတူ အစိုးရကို လူ့အခွင့်အရေးချိုးဖောက်မှုဆိုတာတွေနဲ့ စွဲချက်တင်ခဲ့တယ်။ လူ့အခွင့်အရေးဆိုတာ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်တယ်လို့ လူ့အခွင့်အရေးကြေညာစာတမ်းမှာ ဖော်ပြထားသော်လည်း ပြည်သူတွေရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာရိတ္တရေး၊ ကာယဗလဖွံ့ဖြိုးတိုးတက်ရေးတို့ကို လုပ်ဆောင်ဖန်တီးပေးနေတဲ့ တပ်မတော်အစိုးရကို BBC၊ VOA တို့က နေ့စဉ်နှင့်အမျှ လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်တွေနဲ့ ဝါဒဖြန့်စွပ်စွဲနေတယ်။

မကြာမီက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်တားဆီးမိန့်မှ ကင်းလွတ်ခွင့်ပေးခဲ့တာရယ်၊ ၂၀၁၀ ရွေးကောက်ပွဲ ကျင်းပပေးခဲ့တာရယ်တို့အပေါ် အခြေခံပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ထားမှု ပြန်ရုပ်သိမ်းသင့်၊ မသင့်ဆိုတာ ပြောလာကြသလို အာဆီယံနိုင်ငံတွေကလည်း စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းရန် တောင်းဆိုလာကြတယ်။ ဒီတော့ အမေရိကန်အစိုးရက မြန်မာအစိုးရဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်ရှိနေသေးတဲ့အပြင် ၂၀၁၀ ရွေးကောက်ပွဲဟာလည်း ဒီမိုကရေစီအဆင့်အတန်းနိမ့်နေသေးတာကြောင့် စီးပွားရေးပိတ်ဆို့မှုကို မရုပ်သိမ်းသေးဘူးလို့ပြောလာတယ်။ ပြည်တွင်းက ဩဇာခံတချို့ကလည်း စီးပွားရေးပိတ်ဆို့မှုကြောင့် အထည်ချုပ်စက်ရုံတချို့ ပိတ်လိုက်ရလို့ အလုပ်လက်မဲ့ဖြစ်သွားကြရရှာတဲ့ အလုပ်သမ၊ အလုပ်သမားတွေ မျက်စိရှေ့ထားပြီး စီးပွားရေးပိတ်ဆို့မှုဟာ ပြည်သူတွေကို မထိခိုက်ဘဲ စစ်အစိုးရနဲ့ နီးစပ်သူတွေကိုသာ ထိခိုက်နစ်နာစေတယ်လို့ ပြောလိုပြော၊ NLD တချို့ကလည်း စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ NLD က တောင်းဆိုလို့ လုပ်တာမဟုတ်ဘဲ သက်ဆိုင်ရာတိုင်းပြည်တွေက သူတို့သဘောနဲ့ သူတို့လုပ်တာဖြစ်လို့ NLD က ရုပ်သိမ်းရေးကို ပြောစရာမလိုဘူးဆိုပြီး ဆင်ဝှေ့ရန်ရှောင် ပြောဆိုမှုတွေ လုပ်နေကြတယ်။

အမှန်အားဖြင့် စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ တစ်မျိုးသားလုံးပြည်သူအားလုံးကို ထိခိုက်နစ်နာစေပါတယ်။ ဘာကြောင့်လဲဆိုတော့ ခေတ်နောက်ကျတိုင်းပြည်တစ်ပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဟာ ဈေးကွက်စီးပွားရေး ဘယ်လောက်ပီပြင်ဖွံ့ဖြိုးပြီး ရောင်းကုန်တွေကို ဘယ်လောက်များများထုတ်လုပ်ရောင်းချနိုင်သလဲဆိုတဲ့အပေါ်မှာ မှီတည်နေပါတယ်။

မြန်မာနိုင်ငံဟာ ကိုလိုနီကျွန်ဘဝမှာ နှစ်ပေါင်းတစ်ရာကျော်နေခဲ့ရပြီး ဒုတိယကမ္ဘာစစ်နဲ့ ဖက်ဆစ်စနစ်ဒဏ်ကို သုံးနှစ်သုံးမိုးခံခဲ့ရကာ လွတ်လပ်ရေးနဲ့အတူဖြစ်ပေါ်လာတဲ့ ရောင်စုံသောင်းကျန်းမှုတွေကြောင့် အိမ်နီးချင်းနိုင်ငံတွေနဲ့စာရင် နှစ်ပေါင်း ၄၀ ကျော် ခေတ်နောက်ကျကျန်ခဲ့ရတာရယ်၊ ဆိုရှယ်လစ်အယူမှားဖြစ်တဲ့ ဗဟိုချုပ်ကိုင်စီးပွားရေးနဲ့ တစ်ပါတီအုပ်ချုပ်ရေးစနစ်အောက် ၂၆ နှစ် ကျရောက်ခဲ့ရတာရယ်ကြောင့် ဈေးကွက်စီးပွားရေးကို ရှေ့ဆောင်နိုင်တဲ့ အမျိုးသားစေ့ရှင်လူတန်းစားမရှိသလောက် ဖြစ်ခဲ့ရတယ်။

ဒ့ါကြောင့် မြန်မာနိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှာ ပြည်ပမှ အရင်းအနှီးနဲ့ နည်းပညာတွေ လိုအပ်နေပါတယ်။ တပ်မတော်အစိုးရဟာ ဈေးကွက်စီးပွားရေး ပီပြင်စွာဖြစ်ပေါ်လာရေးနဲ့ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးတို့ကို စီးပွားရေးဦးတည်ချက်လေးရပ်တွင် ချမှတ်ဖော်ဆောင်နေသော်လည်း မိမိတို့ ထုတ်လုပ်တဲ့ ရောင်းကုန်တွေကို ပိတ်ပင်တားဆီးခံရမှာဖြစ်တဲ့အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေဟာ လူသုံးကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှု မလုပ်ကြဘဲ ရေနံ၊ ဓာတ်ငွေ့၊ သတ္တုစတဲ့ သယံဇာတတူးဖော်ရေးလုပ်ငန်းတွေနဲ့ ဟိုတယ်လုပ်ငန်းတွေမှာသာ လာရောက်ရင်းနှီးနေကြတဲ့အတွက် ကုန်ထုတ်လုပ်ငန်းကြီးတွေဟာ ရှိသင့်သလောက်မရှိနိုင်ဖြစ်နေရတယ်။

တောနေတောင်သူလယ်သမားတွေ ဒီဘက်ခေတ်မှာ စီးပွားတက်သင့်သလောက်တက်လာကြတယ်။ ဒါပေမယ့် လူဦးရေတိုးတက်မှုကလည်း တစ်ပါတည်း မြင့်တက်လာတာကြောင့် စိုက်ရေးပျိုးတာတိုးချဲ့ဖို့ မြေယာသစ် တိုးချဲ့ရေးမှာ အခက်အခဲအချို့ရှိခဲ့တယ်။ ဒါကြောင့် ကျေးလက်နေပြည်သူတွေအတွက် အလုပ်အကိုင်လိုအပ်မှုရှိလာချိန်မှာ တစ်ဖက်က မြို့ပြမှာလည်း ပိတ်ဆို့မှုဒဏ်ကြောင့် စက်ရုံအလုပ်ရုံတွေ ရှိသင့်သလောက်မရှိနိုင်ခဲ့ဘဲ အလုပ်အကိုင်ရှားပါးမှုနဲ့ ကြုံနေရတယ်။ ဒါကြောင့် တောရောမြို့ပါ အလုပ်လက်မဲ့အချို့ဟာ ပြည်ပအိမ်နီးချင်းနိုင်ငံတွေဆီသွားပြီး အနှိမ်ခံ အလုပ်သမားအဖြစ် လုပ်ကိုင်နေကြရတယ်။

ဒ့ါအပြင် နိုင်ငံတော်အစိုးရရဲ့ ပညာရေးအခြေခံတွေတိုးချဲ့တည်ဆောက်ပေးမှု၊ ပြည်သူတွေစီးပွားရေးတိုးတက်လာမှုတွေကြောင့် တောရောမြို့ပါ ဘွဲ့ရပညာတတ်တွေ နှစ်စဉ်ပေါ်ထွက်တိုးများလာနေသော်လည်း ပိတ်ဆို့မှုတွေကြောင့် အလုပ်လုပ်စရာရှိသင့်သလောက် မရှိကြတာကြောင့် ဘွဲ့ရပညာတတ်တွေဟာ ပြည်ပနိုင်ငံတွေသွားပြီး ဘွဲ့နဲ့မလျော်ညီတဲ့ အလုပ်တွေလုပ်နေကြရတယ်။ ဒါတွေပ...

သက်ရောက်လာမှုတွေဖြစ်ခဲ့သော်...

အစိုးရဆန့်ကျင်ရေးဝါဒီတွေကတေ...

ငွေကြေးစီမံခန့်ခွဲမှုနားမလည်၍ တို...

တာဖြစ်တယ်လို့ ထုံးစံအတိုင်းဖြစ်...

အစိုးရကို ပုံချစွပ်စွဲနေကြတယ်။

အမှန်ကတော့ စီးပွားရေးပိ...

ပြည်ရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး...

လုပ်ရပ်ဖြစ်တဲ့အတွက် ပြည်သူအ...

ထိခိုက်နစ်နာစေပါတယ်။

သို့သော် သူဌေးသဘော်ပျက်...

ခွက်ပျောက်တာက ပိုဆိုးတယ်ဆိုတဲ့...

အဖြစ် စွပ်စွဲနေတဲ့ စီးပွားရေးလုပ်...

စေမှုကတော့ မန်လည်ဆရာတော်စက...

ခြင်ကောင်ဝါးသလောက်သာ အက...

စက်ရုံတွေ ပိတ်လိုက်ရလို့ အလုပ်...

အလုပ်သမားတွေကတော့ သူတော...

ကြုံကြရကာ ဘဝပျက်သည်အထိ...

ရရှာတယ်။

တိုင်းပြည်တစ်ပြည်မှာ ဒီမိုက...

လူ့အခွင့်အရေးတွေ တိုးတက်ရရှိလ...

ရေး ပီပြင်ဖွံ့ဖြိုးမှုမှ သက်ရောက်...

ကရေစီနဲ့ လူ့အခွင့်အရေးတွေ နိမ့်...

သက်ရောက်လာတဲ့ရလဒ်တွေ ဖြစ်...

ဖွံ့ဖြိုးပြီးနိုင်ငံနဲ့ ဆင်းရဲတဲ့နိုင်ငံတွေ...

အရေးကွာခြားချက်တွေက သက်...

အမှန်ကတော့ စီးပွားရေးပိတ်...

တွေကို ဆင်းရဲမွဲတေအောင်ဖန်တီး...

အုံကြွမှုတွေနဲ့ ပြုတ်ကျစေကာ မိမိတို့...

ဆင်းရဲမွဲတေမှုကြောင့် အဲ့ဒီဩဇာခံ...

စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့...

ဖြစ်အောင် လုပ်ဆောင်တဲ့လုပ်ရပ်...

ဒ့ါကြောင့် စီးပွားရေးပိတ်ဆို့ဖိ...

နယ်ချဲ့စနစ်ရဲ့ ခေတ်သစ်ကိုလိုနီ ဖန်...

ဧကန်ဖြစ်ပါတယ်။ ။

> **စီးပွားရေးပိတ်ဆို့မှုမှ သက်ရောက်လာမှုတွေဖြစ်ခဲ့သော်လည်း နယ်ချဲ့သမားတွေနဲ့ အစိုးရဆန့်ကျင်ရေးဝါဒီတွေကတော့ စစ်အစိုးရရဲ့စီးပွားရေးနဲ့ ငွေကြေးစီမံခန့်ခွဲမှုနားမလည်၍ တိုင်းပြည်စီးပွားရေး မတိုးတက်တာဖြစ်တယ်လို့ ထုံးစံအတိုင်းဖြစ်သမျှဆိုးကျိုး တပ်မတော်အစိုးရကို ပုံချစွပ်စွဲနေ။**
>
> **အမှန်ကတော့ စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ တိုင်းပြည်ရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို တားဆီးပိတ်ပင်ထားတဲ့ လုပ်ရပ်ဖြစ်တဲ့အတွက် ပြည်သူအားလုံး တစ်မျိုးသားလုံးကို ထိခိုက်နစ်နာ။**

> **အမှန်အားဖြင့် ...**
> **ပိတ်ဆို့ဖိအားပေးမှု...**
> **သားလုံးပြည်သူအား...**
> **နစ်နာစေပါတယ်။ ...**
> **လဲဆိုတော့ ခေ...**
> **တိုင်းပြည် တစ်ပြည်...**
> **တိုးတက်ရေးဟာ ...**
> **ရေး ဘယ်လောက်...**
> **ရောင်းကုန်တွေကို ...**
> **များများ ထုတ်လု...**
> **သလဲဆိုတဲ့အပေါ်မှ...**

…တွေရဲ့ …ာတစ်ခုသာဖြစ်တယ်

အမှန်အားဖြင့် စီးပွားရေး ပိတ်ဆို့ဖိအားပေးမှုဟာ တစ်မျိုး သားလုံးပြည်သူအားလုံးကို ထိခိုက် နစ်နာစေပါတယ်။ ဘာကြောင့် လဲဆိုတော့ ခေတ်နောက်ကျ တိုင်းပြည် တစ်ပြည် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးဟာ ဈေးကွက်စီးပွား ရေး ဘယ်လောက်ပီပြင်ဖွံ့ဖြိုးပြီး ရောင်းကုန်တွေကို ဘယ်လောက် များများ ထုတ်လုပ်ရောင်းချနိုင် သလဲဆိုတဲ့အပေါ်မှာ မှီတည်နေ။

တွေလုပ်နေကြရတယ်။ ဒါတွေဟာ **စီးပွားရေးပိတ်ဆို့မှုမှ သက်ရောက်လာမှုတွေဖြစ်ခဲ့သော်လည်း နယ်ချဲ့သမားတွေနဲ့ အစိုးရဆန့်ကျင်ရေးဝါဒီတွေကတော့ စစ်အစိုးရရဲ့စီးပွားရေးနဲ့ ငွေကြေးစီမံခန့်ခွဲမှုနားမလည်၍ တိုင်းပြည်စီးပွားရေး မတိုးတက်တာဖြစ်တယ်လို့ ထုံးစံအတိုင်းဖြစ်သမျှဆိုးကျိုး တပ်မတော်အစိုးရကို ပုံချစွပ်စွဲနေကြတယ်။**

အမှန်ကတော့ စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ တိုင်းပြည်ရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို တားဆီးပိတ်ပင်ထားတဲ့ လုပ်ရပ်ဖြစ်တဲ့အတွက် ပြည်သူအားလုံး တစ်မျိုးသားလုံးကို ထိခိုက်နစ်နာစေပါတယ်။

သို့သော် သူဌေးသဘော်ပျက်တာထက် သူတောင်းစားခွက်ပျောက်တာက ပိုဆိုးတယ်ဆိုတဲ့ စကားပုံလို အစိုးရနဲ့နီးစပ်သူအဖြစ် စွပ်စွဲနေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို ထိခိုက်နစ်နာစေမှုကတော့ မန်လည်ဆရာတော်စကားနဲ့ပြောလျှင် ဆင်ကောင်ကို ခြင်ကောင်ဝါးသလောက်သာ အကျိုးသက်ရောက်ပြီး အလုပ်ရုံစက်ရုံတွေ ပိတ်လိုက်ရလို့ အလုပ်ပြုတ်သွားတဲ့ အလုပ်သမ၊ အလုပ်သမားတွေကတော့ သူတောင်းစားခွက်ပျောက်တဲ့ကိန်း ကြုံကြရကာ ဘဝပျက်သည်အထိ ဒုက္ခရောက်သူရောက်ကြရရှာတယ်။

တိုင်းပြည်တစ်ပြည်မှာ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးနဲ့ လူ့အခွင့်အရေးတွေ တိုးတက်ရရှိလာရေးဟာ ဈေးကွက်စီးပွားရေး ပီပြင်ဖွံ့ဖြိုးမှုမှ သက်ရောက်လာတဲ့ရလဒ်တွေဖြစ်ပြီး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ နိမ့်ကျနေမှုဟာ ဆင်းရဲမွဲတေမှုမှ သက်ရောက်လာတဲ့ရလဒ်တွေ ဖြစ်တယ်ဆိုတာ ကမ္ဘာပေါ်က ဖွံ့ဖြိုးပြီးနိုင်ငံနဲ့ ဆင်းရဲတဲ့နိုင်ငံတွေရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကွာခြားချက်တွေက သက်သေပြနေပါတယ်။

အမှန်ကတော့ စီးပွားရေးပိတ်ဆို့မှုဟာ တိုင်းပြည်နဲ့ပြည်သူတွေကို ဆင်းရဲမွဲတေအောင်ဖန်တီးပြီး တည်ဆဲအစိုးရကို ဆူပူအုံကြွမှုတွေနဲ့ ပြုတ်ကျစေကာ မိမိတို့ဩဇာခံတွေအာဏာရရေးနဲ့ ဆင်းရဲမွဲတေမှုကြောင့် အဲ့ဒီဩဇာခံတိုင်းပြည်ဟာ မိမိတို့အပေါ် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့အရ မှီခိုနေရတဲ့တိုင်းပြည်ဖြစ်အောင် လုပ်ဆောင်တဲ့လုပ်ရပ်တစ်ခုသာ ဖြစ်ပါတယ်။

ဒါ့ကြောင့် စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ ခေတ်သစ်နယ်ချဲ့စနစ်ရဲ့ ခေတ်သစ်ကိုလိုနီ ဖန်တီးမှုနည်းဗျူဟာ တစ်ခုသာဇကန်ဖြစ်ပါတယ်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အနန္တဂုဏ်ရည်နှင့် ရတနာ့ဂုဏ်အကျိုးပြု" တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
- ၆း၄၀ မုဒုံမြို့၏ သာသနာ့ဂုဏ်ရည်. . . ကန်တော်ဦးမှ မြတ်စေတီ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၃၄)**
- ၈း၄၀ Emperor Love Concert (part-3)
- ၉း၂၀ အောင်သမာဓိ စိန်ရွှေရတနာဆိုင်မှ ကြီးမှူးဖွင့်လှစ်သော ရွှေပညာ အခမဲ့သင်တန်းအမှတ်စဉ်(၇)
- ၉း၃၅ Science For All (ကမ္ဘာမြေကိုကယ်တင်ကြစို့) (အပိုင်း-၂) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၉း၅၅ Activities In The City [အမက(၁၂)မြောက်ဥက္ကလာ မြတ်ဆရာပူဇော်ပွဲ]
- ၁၀း၁၀ ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင် (စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၀း၁၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အရသာချိုချို ရေခဲမုန့်ပြုလုပ်နည်း)
- ၁၀း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၅၅ The Champion of Dance
- ၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ ဖန်တီးသူ၏ ပညာစွမ်းမှသည်. . . လှပသော ဘဝများဆီသို့
- ၁၂း၃၀ Best Paintings of the year 2010
- ၁း၀၀ "အနန္တဂုဏ်ရည်နှင့် ရတနာ့ဂုဏ်အကျိုးပြု" တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၇)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၄)**
- ၄း၄၅ Activities In The City (SILKPRO SHAMPOO & SILKBATH မိတ်ဆက်ပွဲ အခမ်းအနားနှင့် အထူးဈေးရောင်းပွဲတော်)
- ၅း၀၀ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေမှာ KOICA ၏စေတနာ
- ၅း၂၀ ခါတ်ပုံထဲမှအမှတ်တရများ (ပန်းဖြူ)
- ၅း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Electronic Music Festival 2011)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Software and Solution Exhibition)
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၈)**
- ၇း၂၀ Emperor Love Concert (part-4)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဒူးခေါင်းအဆစ်ရောင်ရမ်းခြင်း ရောဂါဆိုင်ရာအကြောင်း ဟောပြောဆွေးနွေးပွဲ
- ၈း၄၀ စကားနပန်း (မနာလိုဖြစ်တာကောင်းတယ်၊ မနာလိုမဖြစ်တာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၅)**
- ၁၀း၁၀ အားကစားမြင်ကွင်းစုံ [မင်းဦး၊ ထွန်းထွန်းဝင်း (ရတနာပုံနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးသမား ဟောင်း)၊ ဝေမင်းမောင်]
- ၁၀း၄၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ဟော့ရှော့-၃"
- ၁၁း၀၅ ဂီတသရုပ်ပြခန်း (မင်းထက်မောင်မောင်)
- ၁၁း၃၀ အနုပညာမိုးကောင်းကင်
- ၁၁း၅၀ ဒစ်ဂျစ်တယ်ကတ္တားအစ စီထွာက
- ၁၂း၁၀ သင်ယူလေ့လာဂီတပညာ (Compound Chords) (Part-10)
- ၁၂း၂၅ မြန်မာစာ၊ မြန်မာစကား
- ၁၂း၄၀ Shooting Location (မျက်ချယ်ခြံ)
- ၁း၀၅ စက္ကူလွှင့်လွင့်ပန်းယဉ်ယဉ် အလှဆင်စေချင်
- ၁း၁၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းရောင်နှင့်ရွှေရောင်ပုလဲ)
- ၁း၃၀ ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်မှု အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၁း၅၅ ဘဝများ (ဆုပန်ထွာ)
- ၂း၂၀ ဖွံ့ဖြိုးဝေဆာသပြေတန်းရွာ ခြွေလှေ့စက်လက်မှုပညာ
- ၂း၃၀ စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
- ၂း၅၅ မြိုင်ရာဇာတွတ်ပီနှင့်အနော့ဖလီး
- ၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၅ လင်းလက်တောက်ပ မီးဆိုင်းအလှ
- ၄း၂၀ ပါရမီတက္ကစီစွမ်းဆောင်အား ပြည်သူများအတွက်အလေးထား
- ၄း၄၀ ကြည်ညိုဖူးမြော် ပုဂံ ဘုရားစေတီတော်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရီထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပူတာအိုမြို့နှင့် မြိတ်မြို့တို့တွင် သုည ဒသမ ၀၇ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၁၇ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ဟင်္သာတအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဟင်္သာတအသင်း နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၅)လမ်း အမှတ်(၁၈၄-၁၈၆)ရှိ ဟင်္သာတအသင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ပွဲအတွက် အသက်(၈၀)နှစ်နှင့် အထက် အသင်းဝင်များ အမည်စာရင်းကို လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများစာရင်းကို ဦးတင်ရှိန် ဖုန်း-၅၂၇၃၆၁၊ ဟင်္သာတ ဦးမြင့်ငွေ ဖုန်း-၅၂၂၄၂၈၊ ဦးလှကြည် ဖုန်း-၅၃၄၅၄၈၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း -၀၉- ၅၀၀၅၃၃၇၊ ဦးအုန်းလှိုင် ဖုန်း-၀၉ ၈၅၈၀၀၅၈၊ အသင်းတိုက် ဖုန်း-၂၀၁၁၁၄၊ ၃၉၈၇၁၆နှင့် အမှုဆောင်များထံသို့ ဖေဖော်ဝါရီ ၂၂ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြရန်နှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် လှူဒါန်းချီးမြှင့်လိုသူများသည် ကြိုတင်ဆက်သွယ်၍ လည်းကောင်း၊ အစည်းအဝေးနေ့တွင်လည်းကောင်း လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

Internet နှင့် Computer သုံးစွဲမှုများ ထိန်းချုပ်နိုင်သည့် Spector Soft ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

LUCKY BIRD GROUP ၏ လုပ်ငန်းတစ်ခုဖြစ်သည့် True Value Solution မှ Internet နှင့် Computer သုံးစွဲမှုများ ထိန်းချုပ်နိုင်သည့် Spector Soft Solution များကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် Strand Hotel ၌ ကျင်းပမည့် Software & Solution Exhibition 2011၌ ပြသမည်ဖြစ်သည်။

နည်းပညာများ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်နေသော ယနေ့ နည်းပညာခေတ်ကြီးတွင် အဆိုပါ နည်းပညာ၏ ကောင်းကျိုးများကို ခံစားအသုံးပြုနေကြရသကဲ့သို့ မထင်မှတ်နိုင်အောင် နည်းပညာ၏ ဆိုးကျိုးများကိုလည်း ခံစားနေကြရသည်။

Spector Soft သည် လုပ်ငန်းခွင်အတွင်း Internet သုံးစွဲမှု Computer သုံးစွဲမှုများကို အချိန်နှင့် တစ်ပြေးညီ စောင့်ကြည့်နိုင်ပြီး အလိုအလျောက် Record လုပ်ပေးသော မိမိ၏ မျက်စိနှင့်မြင်တွေ့ရသကဲ့သို့ ထောက်လှမ်းစုံစမ်းသိရှိနိုင်သော Software Solution တစ်ခုဖြစ်သည်။

Spector Soft ၏အကျိုးကျေးဇူးများကြောင့် နည်းပညာသုံးစွဲမှု၏ ဆိုးကျိုးများကို Management Level မှ အချိန်နှင့် တစ်ပြေးညီ ကောင်းစွာကာကွယ်စစ်ဆေး တားမြစ်နိုင်မည်ဖြစ်သည်။လူထက်ပို၍ စိတ်ချရသော Auto Recording စနစ်များကြောင့် မိမိတို့ လုပ်ငန်း၏ သတင်းအချက်အလက်များ ခိုးယူခံရမှု၊ ပေါက်ကြားမှုတို့ကို အလွယ်တကူ အလျင်အမြန် သိရှိနိုင်မည်ဖြစ်သည်။

လုပ်ငန်းတွင်း Internet နှင့် Computer သုံးစွဲမှုများကိုလည်း Management Level မှ စည်းကမ်းချက်များ ထုတ်ပြန်၍ အလိုအလျောက် Schedule စနစ်ဖြင့် ထိန်းချုပ်နိုင်သည့် Software Solution တစ်ခုဖြစ်သည်။

Spector Soft သည် ဝန်ထမ်းတစ်ဦးချင်းဆီမှ အသုံးပြုနေသော အွန်လိုင်းသုံးစွဲမှုနှင့် ကွန်ရက်ချိတ်ဆက်အသုံးပြုခြင်းလုပ်ဆောင်ချက် တစ်ခုချင်းစီနှင့် သင်၏ကွန်ရက်ချိတ်ဆက်မှုအပေါ်မှ Internet နှင့် Computer သုံးစွဲမှုများနှင့်ပတ်သက်သည့် Information များကို အကန့်အသတ်မရှိ မှတ်သားသိရှိနိုင်မည်ဖြစ်သည်။

စိတ်ပါဝင်စားသူများ အနေဖြင့် LUCKY BIRD GROUP of Companies ၏TRUE VALUE Show-Room များတည်ရှိရာ ရန်ကုန်ရုံး အမှတ်(၃၅၁) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း - ၃၉၉၀၁၁ နှင့် ၂၄၈၁၆၇၊ မန္တလေးရုံး အမှတ်(၅) (၂၆)လမ်း၊ (၇၈)လမ်းနှင့် (၇၉)လမ်းကြား ဖုန်း- ၀၂-၂၁၅၇၂၊ နေပြည်တော်ရုံး သပြေကုန်းဈေး အနောက်မြောက်အဝိုင်း နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၁၃သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့နယ် ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ပွဲ၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး စံပြဆုရရှိသည့် အမက(၂) ပန်းဘဲတန်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနွဲ့အား မြို့နယ်ပညာရေးမှူး ဦးထန်ချင်းမုန် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အထက(၂) ကျောက်မဲ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကျောက်မဲမြို့ အထက(၂)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ရွှေရတုအကြို အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျောက်မဲမြို့ အထက(၂) ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုပါက ဦးခင်မောင်ဦး ဖုန်း-၀၉-၅၂၇၅၂၆၃၊ ဦးခင်မောင်စီ ဖုန်း-၀၉-၅၂၇၅၄၁၉၊ ဦးအောင်ကြည် ဖုန်း-၀၉-၅၂၇၅၃၀၈၊ ဦးမြဇင် ဖုန်း-၀၉-၄၈၈၄၅၉၂၇၊ ဒေါ်မွှေးမွှေး ဖုန်း-၀၈၂-၄၀၇၆၈နှင့် ဒေါ်ရီရီရွှေ ဖုန်း-၀၈၂-၄၀၁၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ Mr. Bengt Ekman၊ Dr. Hans Anders Peter Engvall၊ Mr. Jorgen Schonning၊ ဗီယက်နမ်နိုင်ငံ (IPSARD) မှ ညွှန်ကြားရေးမှူးချုပ် Dr. Dang Kim Son နှင့် Biznet Corporation ဥက္ကဋ္ဌ Ms. Pham Hoang Ngan တို့အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦးအား FAO ဌာနေကိုယ်စားလှယ်နှင့် ဆွီဒင်နိုင်ငံမှ ဧည့်သည်အဖွဲ့ တို့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)ဌာနေကိုယ်စားလှယ် Dr. Shin Imai သည် ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍတွင် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးအား မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပခဲ့သော မြန်မာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့အကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုတိုးမြှင့်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Swedish International Cooperation Agency)မှ Mr. Bengt Ekman ၊ Dr. Hans Anders Peter Engvall၊ Mr. Jorgen Schonning၊ ဗီယက်နမ်နိုင်ငံ (Institute of policy and Strategy for Agriculture and Rural Development)မှ ညွှန်ကြားရေးမှူးချုပ် Dr. Dang Kim Son နှင့် Biznet Corporation ဥက္ကဋ္ဌ Ms. Pham Hoang Ngan တို့အဖွဲ့သည် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လယ်ယာကဏ္ဍ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၂ ရက်က ကဝမြို့ နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ပြည်တော်သာ သောက်ရေကန်အတွင်း ရေကန်အဆင့်မြှင့်ခြင်းလုပ်ငန်းနှင့် ရေကန်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မအူပင်မြို့နယ်အသင်း(ရန်ကုန်) ၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၆ ရက်ကကျင်းပရာ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသော မကေယုစံအား အသင်းစာရင်းစစ် ဦးဝင်းမောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ခရမ်းမြို့နယ်၌ စာကြည့်တိုက်ဖွင့်ပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ စာကြည့်တိုက်ဖွင့်ပွဲများကို ကျင်းပရာ စခန်းကြီးကျေးရွာ စေတနာမွန် သုတပဒေသာ စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီတွင် အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိဇာလှိုင်နှင့် စခန်းကြီးကျေးရွာ ဥက္ကဋ္ဌ ဦးအောင်ကျော်တင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အလှူရှင်များက စေတနာမွန်သုတပဒေသာစာကြည့်တိုက်သို့ စားပွဲတစ်လုံး၊ ရေဒီယိုတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ ခုံတန်းရှည်နှစ်လုံး၊ စာအုပ်စင်တစ်ခုနှင့် စာအုပ်မျိုးစုံအုပ်ရေ ၇၀၀တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းစာကြည့်တိုက်ကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးလှူဒါန်းငွေကျပ် ၁၀သိန်း၊ စခန်းကြီးကျေးရွာနေပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ်ခုနစ်သိန်း စုစုပေါင်း ငွေကျပ် ၁၇ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ အုန်းပင်ကြီးကျေးရွာ အရုဏ်ဦးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၉နာရီတွင်အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်၊မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိဇာလှိုင်နှင့် အုန်းပင်ကျေးရွာဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အလှူရှင်များက အရုဏ်ဦးစာကြည့်တိုက်သို့ ငွေကျပ် ၃၀၀၀၀၊ ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင်များ၊စားပွဲတစ်လုံး၊ကုလားထိုင်တစ်လုံး၊ ခုံတန်းရှည်နှစ်လုံး၊ ဗီရိုတစ်လုံးနှင့် စာအုပ်မျိုးစုံ အုပ်ရေ ၃၀၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်ကို အုန်းပင်ကျေးရွာ ဆရာတော်နှင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ခရမ်းမြို့နယ် စခန်းကြီးကျေးရွာ စေတနာမွန်သုတပဒေသာစာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အိဇာလှိုင်နှင့် စခန်းကြီးကျေးရွာ ဥက္ကဋ္ဌ ဦးအောင်ကျော်တင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်/ပြန်ဆက်)

ပြည်သူ့ထံမှ ပေးစာများ

ရပ်ကွက်အတွင်းမှ ကားပြင်ရုံဆူညံ

စာတည်းရှင့်-

ရန်ကုန်မြို့ သာကေတမြို့နယ် သိင်္ဂီ(၃)လမ်း တောင်ဘက်ပိုင်းတွင် ကားပြင်အလုပ်ရုံတစ်ခုရှိရာ ကားဘော်ဒီထုသံ၊ အင်ဂျင်စက်သံ၊ ဆေးမှုတ်သံများ နေ့စဉ် ဆူညံနေသည့်အပြင် အင်ဂျင်များမှ ဒီဇယ်မီးခိုးများကို ရှူရှိုက်နေကြရပါသဖြင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

နောက်ဖေးလမ်းကြား ကြွက်၊ခြင်၊ယင် ပေါများ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၄) ရပ်ကွက် ၄ လမ်းနှင့် ၅ လမ်း၏ နောက်ဖေးလမ်းကြားတွင် အမှိုက်၊ ကြွက်နှင့် ခြင်များပေါများနေပါ၍ ကျန်းမာရေး ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကမာရွတ်သား

ကျူးကျော်ဆိုင်များဖွင့် လမ်းအဝင်အထွက်ခက်

စာတည်းရှင့်-

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် လေးဒေါင့်ကန်လမ်းမ (ဖြတ်လမ်း ၆) လမ်းကြားတွင် ကျူးကျော်ကွမ်းယာဆိုင်နှင့် အခြားဆိုင်များသည် စားပွဲခုံများခင်းကျင်း၍ရောင်းချလျက်ရှိရာ လမ်းသွား၊ လမ်းလာများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ လမ်းအဝင် အထွက် ရှင်းလင်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

အမှိုက်ပုံစနစ်တကျရှိစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရုံးတော်ရပ်ကွက် သီဟဒီပလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်တွင် ရပ်ကွက်အတွင်းမှ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ နေ့စဉ်အနံ့ဆိုးများရှူရှိုက်နေရ၍ ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းလိုသူ

စည်းကမ်းမဲ့ဈေးဆိုင်များ ကြပ်မတ်ပေးစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ လှိုင်မြို့နယ် (၉)ရပ်ကွက် ရွှေဝါမြိုင်လမ်းကြားအတွင်း ဆိုင်ခန်းများဖွင့်၍ စည်းကမ်းမဲ့စွာ နေထိုင်ရောင်းဝယ်လျက်ရှိပါသည်။လမ်းအတွင်းအမှိုက်များ၊ ရေများကြောင့် ညစ်ပတ်နံစော်နေပြီး ဆိုင်ခန်းအမိုးအကာများဖြင့် ရှုပ်ထွေးနေပါသဖြင့် ကောင်းစွာသွားလာ၍ မရတော့ပါ။ သို့ဖြစ်ပါ၍ အဆိုပါ ဈေးဆိုင်များအား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ကျူးကျော်ဆိုင်ကြောင့် လမ်းအသွားအလာခက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ် (၈)ရပ်ကွက် (၃၉)လမ်း (အလယ်) ကတ္တရာလမ်းပေါ်တွင် လမ်းဘေးထမင်းဆိုင်တစ်ဆိုင် ကျူးကျော်ရောင်းချနေ၍ လမ်းသွားလမ်းလာများ ဖြတ်လျှောက်စရာနေရာ ကျဉ်းမြောင်းပြီး မကြာခဏ ခိုက်ရန်ဖြစ်ပွားနေပါသည်။ သို့ဖြစ်ပါ၍ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ဖိနပ်လုပ်ငန်းအနံ့ဆိုးနံစော်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၅)ရပ်ကွက် ယုဇန(၃) လမ်းတွင် ဖိနပ်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်စေပြီး မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ယုဇနလမ်းသား

လျှပ်စစ်မီးတိုင် အောက်ခြေပြတ် ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် ဝေပုလ္လလမ်းမကြီး ဝေပုလ္လလမ်းသွယ်(၃)လမ်းနှင့် ဝေပုလ္လလမ်းသွယ်(၄)လမ်းကြား သွယ်တန်းထားသော လျှပ်စစ်မီးတိုင်မှာ အောက်ခြေများပြတ်နေပြီး လျှပ်စစ်ကြိုးထိန်းလက်တံများ ပျက်စီးချွတ်ယွင်းနေခြင်းတို့ကြောင့် အန္တရာယ်ရှိပါသည်။ လိုအပ်သလို ပြင်ဆင်ပေးပါရန် တင်ပြအပ်ပါသည်။

ဝေပုလ္လသား

မုန့်ပုပ်ရေအနံ့ဆိုးဆောင်ရွက်ပြီးစီး

၁၅-၁၁-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မော်လမြိုင်မြို့ ကွင်းရပ်နယ်မြေမှ **မုန့်ပုပ်ရေကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ကားဂိတ်ဟောင်းတဲ ရှင်းလင်းပြီးစီး

၁၂-၁၂-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပန်းဘဲတန်းမြို့နယ် (၅) ရပ်ကွက် ရွှေဘုံသာလမ်း(အထက်) မှ **ကားဂိတ်ဟောင်းတဲဖယ်ရှားပေးပါ** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲဝင်ရန် မြန်မာမြားပစ်အဖွဲ့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် ၂၀၁၁ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ) ဦးကျော်ဦး ဦးဆောင်သည့် မြန်မာမြားပစ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ (အပေါ်ယာပုံ)

မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)ဦးကျော်ဦး၊ အုပ်ချုပ်သူအဖြစ် ဦးသန်းကြိုင်၊ အဖွဲ့အတွင်းရေးမှူးအဖြစ် ဦးသိန်းသန်းနိုင်၊ နည်းပြချုပ်အဖြစ် Mr. Lee Sang Bong၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်သူရနှင့် ဒေါ်သီသီဝင်း၊ အားကစားသမားများအဖြစ် Compound အမျိုးသား ရဲမင်းဆွေ၊ အောင်ခြိမ့်ဘော်၊ စောမြကျော်သူ၊ ပိုင်မြတ်သူ၊ ဇာနည်ထက်၊ အမျိုးသမီး အောင်ငြိမ်း၊ တင်ဇင်အိ၊ ယောစိမ်းယ၊ မြတ်သန္တာ၊ သဉ္ဇာအောင်၊ Recurve အမျိုးသား ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ရန်အောင်စိုး၊ နန်းအောင်၊ အောင်မျိုးသူ၊ အမျိုးသမီး သင်းသင်းခိုင်၊ စန်းယုထွေး၊ ယုနန္ဒာအောင်နှင့် လိုင်းနိုင်တို့ ပါဝင်ကြသည်။

အဆိုပါ ပြိုင်ပွဲဝင်ရန် ပြင်ဆင်ထားမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)ဦးကျော်ဦးက "ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးရည်ရွယ်၍ လက်ရွေးစင်အဆင့် ကစားသမားများကို ခေါ်ယူသွားသလို ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် အဖွဲ့ချုပ်လက်ရွေးစင်နှင့် သွေးသစ်ကစားသမားများကိုလည်း ရွေးချယ်ကာ အတွေ့အကြုံရရှိစေရန် ပြိုင်စေမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကို နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကစားသမား ၂၃၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှာ အာရှပြိုင်ပွဲဖြစ်သော်လည်း ကမ္ဘာ့အဆင့်ရှိသည့် ကမ္ဘာ့ပြိုင်ပွဲဟု ဆိုနိုင်ကြောင်း၊ ကမ္ဘာ့မြားပစ်ထိပ်တန်းအသင်းများဖြစ်သည့် ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အီရန်တို့အပြင် အာရှတိုက်အပြင်မှ အမေရိကန်၊ ပြင်သစ် စသည့် မြားပစ်ထိပ်သီးနိုင်ငံများလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ထိပ်သီးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်၍ ဆုတံဆိပ်ရရှိနိုင်ရန် အလွန်ခက်ခဲမည်ဖြစ်သော်လည်း အောင်မြင်မှုရရှိရန် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း၊ မိမိတို့မြားပစ်အဖွဲ့အနေဖြင့် နိုင်ငံတော်၏ လမ်းညွှန်မှုနှင့်အတူ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ အား/ကာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဥက္ကဋ္ဌ ဦးတင့်ဆန်းတို့၏ပံ့ပိုးအားပေးမှုများနှင့်အတူ အောင်မြင်မှုရရှိရန် ကြိုးပမ်းနေကြောင်းဖြင့် ပြောကြားသွားသည်။ (ကြေးမုံ)

ပီတာခရော့ချ်၏ ဂိုးဖြင့် စပါးအဝေးကွင်း နိုင်ပွဲရ

မီလန် ဖေဖော်ဝါရီ ၁၆

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက် ပထမအကျော့၏ ပထမနေ့ ပြိုင်ပွဲများကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အီတလီမြေတွင် ပီတာခရော့ချ်၏သွင်းဂိုးဖြင့် စပါးအနိုင်ရခဲ့ပြီး ဗလင်စီယာမှာ အိမ်ကွင်းတွင် သရေကစားနိုင်ခဲ့သည်။

အေစီမီလန် ၀-၁ စပါး

အိမ်ရှင်အေစီမီလန်သည် နက်စ်တာ၊ တီယာဂိုဆေးလ်ဗား၊ အန်တိုနီနီ၊ ဆီးဒေါ့ဖ်၊ ဖလာမီနီ၊ ဂတ်တူဆို၊ ရော်ဘင်ဟိုနှင့် အီဗရာဟီမိုဗစ်စသည့် အမာခံကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ဧည့်သည်စပါးအသင်းတွင် ဂါရတ်ဘေးလ်မှလွဲ၍ ဒေါ်ဆင်၊ ဂါးလက်စ်၊ အီကော့တို၊ ကော်လူကာ၊ ပလာစီယို့စ်၊ ဆန်ဒရို၊ ပီတာခရော့ချ်၊ ဗန်ဒါဗက်၊ ပီနား၊ လင်နွန်တို့ဖြင့် လူစုံခဲ့သည်။

ယခုပွဲတွင် အေစီမီလန်အသင်းက ဘောလုံးပိုင်ဆိုင်မှု ၅၇ ရာခိုင်နှုန်းရှိခဲ့ပြီး ဂိုးကန်သွင်းမှု ၁၂ ကြိမ်တွင် သုံးကြိမ်သာ ဂိုးပေါက်တည့်ခဲ့ရာ သုံးကြိမ်လုံး စပါးဂိုးသမားဂိုမက်စ် ကာကွယ်နိုင်ခဲ့သည်။ စပါးကမူ ကိုးကြိမ်ကန်သွင်းရာ ခြောက်ကြိမ်ဂိုးပေါက်တည့်ခဲ့ကာ ငါးကြိမ်သာ အေစီမီလန် ဂိုးသမားကာကွယ်နိုင်ခဲ့ပြီး မိနစ် ၈၀ တွင် ပီတာခရော့ချ်၏ ကန်သွင်းမှုကို ကာကွယ်နိုင်ခြင်းမရှိဘဲ ဂိုးပေးလိုက်ရသည်။ အေစီမီလန်အသင်းသည် အိမ်ကွင်း၌ ရှုံးပွဲကြုံခဲ့ခြင်းကြောင့် မတ် ၁၀ ရက် နံနက်ပိုင်းတွင် စပါးကွင်း၌ ကစားရမည့် ဒုတိယအကျော့တွင် ခြေကုန်ထုတ်ရုန်းကန်ရတော့မည် ဖြစ်သည်။

ဟန်သစ်

ဗလင်စီယာ ၁-၁ ရှော်ကေး

စပိန်မြေတွင်ကစားခဲ့သည့် ဗလင်စီယာနှင့် ရှော်ကေးတို့ပွဲမှာလည်း ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ဗလင်စီယာအသင်းတွင် ရီကာဒိုကော့စတာ၊ နာဗာရို၊ အယ်လ်ဘာတိုကော့စတာ၊ ဆိုဒိုဒို စသည့် အဓိကကစားသမားများ ပါဝင်ခဲ့ပြီး ရှော်ကေးတွင် ဂျူရာဒို၊ ဖာဖန်၊ ဟန်တယ်လာနှင့် ဝါရင့် တိုက်စစ်မှူး ရာအူးလ်တို့ ပါဝင်ကစားခဲ့သည်။

အိမ်ရှင် ဗလင်စီယာအသင်းသည် ရှော်ကေးအပေါ် ဘောလုံးပိုင်ဆိုင်မှု ၆၅ ရာခိုင်နှုန်း အသာစီးရယူနိုင်ခဲ့သော်လည်း တစ်ဂိုးစီ သရေဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဗလင်စီယာအတွက် ဂိုးကို ပွဲချိန် ၁၇ မိနစ်တွင် တိုက်စစ်မှူး ဆိုဒါဒိုက သွင်းယူခဲ့ပြီး ရှော်ကေးအတွက် ချေပဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် ရာအူးလ်က သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဗလင်စီယာအသင်းသည် အိမ်ကွင်း မက်စတဲလားတွင် ဂျာမန်ကလပ်များကို တစ်ကြိမ်တစ်ခါမျှ အနိုင်မရဖူးသည့် အစဉ်အလာကို ယခုပွဲတွင်လည်း ချိုးဖျက်နိုင်ခြင်းမရှိခဲ့ပေ။ ***အင်တာနက်။***

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Zhong Shan ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာ၌ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhong Shan ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Zhong Shan ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)